# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက် | ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၂၇၆)


### သူတော်ကောင်းတရားမှ မဆုတ်ယုတ်

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည့်ကိစ္စနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းသို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းတို့ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန


**ယနေ့ ဖတ်စရာ**

**ရည်မှန်းချက်တာဝန်** ဆောင်းပါး (စာ - ၆)

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူတို့၏ အခန်းကဏ္ဍ** ဆောင်းပါး (စာ - ၂၀)

**ကိုဗစ်- ၁၉ ကူးစက်ကပ်ရောဂါနှင့် အိမ်တွင်းပြုစုမှု** ဆောင်းပါး (စာ - ၂၂)




ချောင်းသာ-ရွှေသောင်လမ်းပေါ်မှ ရွှေသောင်ယံတံတားကို တွေ့ရစဉ်။

## လမ်း၊ တံတား ကွန်ရက်တို့ဖြင့် ဖွံ့ဖြိုးတိုးတက်နေသော တိုင်းရေဝတီ

ရေဝတီတိုင်းဒေသကြီးသည် ရှေးအခါက မွန်သုံးရပ်ဖြစ်သော မွန်တိ၊ မွန်စ၊ မွန်ညဟူ၍ အပိုင်း (၃) ပိုင်းရှိ၏။ မွန်တိကို ဒဂုံ၊ ဒလ၊ မွန်စကို သထုံ၊ (မုတ္တမ)၊ မွန်ညကို ပုသိမ်၊ မြောင်းမြဟု ပိုင်းခြားထားခဲ့ရာ ရေဝတီတိုင်းဒေသကြီးမှာမူ 'မွန်ည' ဒေသတွင် ပါဝင်ခဲ့ကြောင်း သိရပေသည်။ ရှေးအခါက မြန်မာနိုင်ငံအောက်ပိုင်းကို ရာမညဟူသော အမည်ဖြင့် ခေါ်ဝေါ်ခဲ့ကြသော်လည်း မည်သည့်ခေတ်၊ မည်သည့်မင်းလက်ထက်၌ စတင်ခေါ်ဝေါ်ခဲ့ကြသည်ကို တိကျခိုင်မာစွာ မသိရပေ။ ရာမည ဟူသော အမည်ကိုသာ အလွန်ရှေးကျသည့် သီဟိုဠ်ရာဇဝင် (မဟာဝံသကျမ်း အခန်း-၇၆) တွင် ပထမဆုံး တွေ့ရသည်။ ကုန်းဘောင်မင်းဆက်ကို တည်ထောင်သော အလောင်းမင်းတရားကြီးသည် ရာမညတိုင်းသား မွန်များကို စည်းရုံး၍ တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ရေဝတီတိုင်းဒေသကြီးတွင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် ခရိုင် ခြောက်ခရိုင်၊ မြို့နယ် ၂၆ မြို့နယ်၊ မြို့ ၄၅ မြို့၊ ရပ်ကွက် ၃၀၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉၂၀ အုပ်စုနှင့် ကျေးရွာ ၁၁၈၆၀ ရွာ တို့ဖြင့် ဖွဲ့စည်းထားသည်။

ထိုဒေသသည် မြစ်ချောင်း၊ အင်းအိုင်ပေါများသော ဒေသတစ်ခုဖြစ်သည့်အားလျော်စွာ ပြည်သူများသည် ရေလမ်းတစ်ခုတည်းကိုသာ အဓိကအားထား၍ သွားလာကူးသန်းနေကြရခြင်းဖြစ်ပြီး စီးပွားရေးမှာလည်း မိရိုးဖလာစီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများကိုသာ လုပ်ကိုင်လျက်ရှိကြသည်။ ရေဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေးဘက်တွင်မူ လယ်ယာထွက်ကုန် ဆန်စပါးများ ပေါများ၍ နိုင်ငံတော်၏ စပါးကျီဟု တင်စားရလောက်သည့် ဝိသေသထူးတစ်ခုကို ပိုင်ဆိုင်ရရှိထားသည်။ သို့သော် သိသာထင်ရှားနိုင်သော ပြောင်းလဲတိုးတက်မှုဟူ၍ကား မဆိုနိုင်ပေ။

*စာမျက်နှာ ၈ ကော်လံ ၁ ✻*

မြန်မာ့အလင်း

# အာဇာနည်တို့ထုံး နှလုံးမူ

ဒုလ္လဘော ပုရိသာဇညော၊ န သော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတိ ဓီရော၊ တံ ကုလံ သုခမေဓတိ။

(ဓမ္မပဒပါဠိ၊ ဗုဒ္ဓဝဂ်)

ယောကျာ်းအာဇာနည်ကိုရခဲ၏။ထိုယောကျာ်းအာဇာနည်သည် အရပ်တကာတိုင်း၌ မဖြစ်။ ထိုယောကျာ်းအာဇာနည် ပေါ်ပေါက်သော အမျိုးအနွယ်သည် ကြီးပွားချမ်းသာ၏။

အာဇာနည်ဟူသည် လက်ရုံးရည်၊ နှလုံးရည်(သတ္တိဗျတ္တိ)တို့နှင့် ပြည့်စုံပြီး အမြော်အမြင်ကြီးမား၍ ကိုယ်ကျင့်တရား ဖြူစင်စွာဖြင့် အများအကျိုးအတွက် မိမိ၏ အသက်ကိုပင် စွန့်လွှတ်ရန်ပိုင်းဖြတ်ထားသည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များပင် ဖြစ်သည်။ ယင်းသို့သော ပုဂ္ဂိုလ်များသည် အချိန်ကာလတိုင်း၊ နေရာဒေသတိုင်းတွင် ပေါ်ထွန်းလေ့မရှိ။ မြန်မာ့သမိုင်းတွင် ပေါ်ပေါက်ခဲ့သည့် လူယောကျာ်းအာဇာနည်တို့ ရှင်သန်ခဲ့သည့် ခေတ်သည် အမိနိုင်ငံတော်နှင့်တကွ တစ်မျိုးသားလုံး သူတစ်ပါး ကျွန်ဘဝကျရောက်နေရသည့် အချိန်ကာလ ဖြစ်သည်။ သူတို့သည် နိုင်ငံနှင့် လူမျိုးတစ်ရပ်လုံးကို ကျွန်ဘဝမှ လွတ်မြောက်ခွင့်ရစေရန် လက်ရုံးရည်နှင့် နှလုံးရည်တို့ကို အသက်တာတစ်လျှောက်လုံး အသုံးပြုကာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည်။ ကိုယ်ကျင့်တရားကို ဖြူစင်စွာ စောင့်ထိန်းပြီး ရိုးသားဖြောင့်မတ်မှုကိုလည်း ခါးဝတ်ပုဆိုး သဖွယ် မြဲမြံခဲ့ကြသည်။

အာဇာနည်ပုဂ္ဂိုလ်တို့၏ သတ္တိဗျတ္တိ အမြော်အမြင်နှင့် ပွင့်လင်းရိုးသားမှုကို ယုံကြည်ကိုးစားကြသည်။ ပြည်သူ တစ်ရပ်လုံးကလည်း တစ်စည်းတစ်လုံးတည်း တစ်ခဲနက်သော ညီညွတ်မှုတို့ဖြင့် နောက်မှလိုက်ပါခဲ့ကြကာ နိုင်ငံနှင့် လူမျိုး တို့ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သော ထိုခေတ်ကာလ သည် မြန်မာနိုင်ငံ သမိုင်းတစ်လျှောက်တွင် စည်းလုံးညီညွတ်မှု အရှိဆုံးကာလများထဲ၌ အပါအဝင်ဖြစ်ခဲ့သည်။ နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး စည်းလုံး ညီညွတ်မှုကို နယ်ချဲ့တို့ အသိအမှတ်ပြုခဲ့ရသလို လွတ်လပ် ရေးကိုလည်း ပြန်လည်ပေးအပ်ခဲ့ရသည်။ လွတ်လပ်ရေး ကြိုးပမ်းမှုကာလတစ်လျှောက်လုံးတွင် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တဖွဖွမှာကြားခဲ့သော အချက်မှာ "စည်းလုံးညီညွတ်ရေး" ဖြစ်သည်။ "တိုင်းရင်းသား အချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သားလူထု ညီညွတ်ရေး" သည် တိုင်းပြည်လွတ်လပ်ပြီးသည့် အချိန်၌ပင် မရှိမဖြစ် လိုအပ်ကြောင်း၊ ၎င်းညီညွတ်ရေးနှစ်ခု မရှိသမျှကာလပတ်လုံး တိုင်းပြည်သည် လွတ်လပ်ပင် လွတ်လပ်ငြားသော်လည်း ဘယ်ပါတီ ဘယ်အစိုးရလုပ်လုပ် (–) သည် တိုင်းပြည်ဖြစ် နေမှာပဲဟူ၍ ခပ်ကြမ်းကြမ်းပြောကြားကာ တိုင်းရင်းသား အချင်းချင်း ညီညွတ်ရေးနှင့် တိုင်းသူပြည်သား လူထုညီညွတ် ရေး လွန်စွာအရေးကြီးကြောင်း လမ်းညွှန်မိန့်ကြားသွားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင် များက အသက်ကို စတေးကာ နိုင်ငံနှင့် လူမျိုးတို့ကို ကျွန်ဘဝမှ လွတ်မြောက်ခွင့်ရစေခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီဖြစ်သည်။ မျက်မှောက်ကာလသည် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သည့် ညီညွတ်ရေးနှစ်ခု မည်သည့်အခြေအနေတွင် ရှိနေသည်ကို မှန်ကန်ရိုးသားစွာ ပြန်လည်သုံးသပ်ပြီး မိမိတို့ခေတ်၏ သမိုင်းပေးတာဝန်ကို အာဇာနည်တို့ထုံး နှလုံးမူ၍ ကြိုးပမ်း ထမ်းဆောင်ကြရပါမည့်အကြောင်း။ ။

# တရားမအထူးအယူခံမှု (၄) မှုကို စီရင်ချက်ချမှတ် (၄) မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇူလိုင် ၅**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၉၆/၂၀၁၉ (မန္တလေး)နှင့် ၉၇/၂၀၁၉(မန္တလေး)ကို ကြားဖြတ်အမိန့်ချမှတ်ပြီး၊ တရားမအထူးအယူခံမှုအမှတ် ၇၁/၂၀၁၉ (ရှမ်း)၊ ၉၅/၂၀၁၉ (ရန်ကုန်)၊ ၉၉/၂၀၁၉ (ရန်ကုန်)၊ ၁၀၇/၂၀၁၉ (မကွေး)၊ စုစုပေါင်း တရားမ အထူးအယူခံမှု ( ၄ ) မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၈၈/၂၀၁၉ (စစ်ကိုင်း)၊ ၉၂/၂၀၁၉ (ဧရာဝတီ)၊ ၉၃/၂၀၁၉ (ဧရာဝတီ)၊ ၃၅/၂၀၂၀ (ဧရာဝတီ)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၄) မှုကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား လေ့ကျင့်ပြင်ဆင်နေမှုများကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် ကောင်စီအဖွဲ့ဝင်များ၊ အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများသည် ယနေ့နံနက် ၇ နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်တွင် ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကြိုတင်ပြင်ဆင် လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမတွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်သည်။



**အလေးပြုအခမ်းအနား လေ့ကျင့်**

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးနှင့် အဖွဲ့သည် အာဇာနည်ဗိမာန်တွင် ကျင်းပမည့် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်လာမည့် အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ မိသားစုများကို တွေ့ဆုံနှုတ်ဆက်မည့်နေရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် လွမ်းသူ့ပန်းခွေချ အလေးပြုအခမ်းအနား လေ့ကျင့်နေမှုများကို **(အပေါ်ယာပုံ)** ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အမှာစကား ပြောကြားရာ (၇၄) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီ ၏ လမ်းညွှန်ချက်နှင့်အညီ ကျင်းပရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆပ်ကော်မတီများက ကြိုတင်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှုများကို အနီးကပ်ကြီးကြပ်လမ်းညွှန်မှု ပေးနိုင်ရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ၊ အတွင်းရေးမှူး (မြို့တော်ဝန်) ဦးဗိုလ်ဌေးက ရှင်းလင်းဆွေးနွေး တင်ပြသည်။

ဆက်လက်၍ အခမ်းအနား ပြင်ဆင်ရေးနှင့် စီစဉ်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေး ဆပ်ကော်မတီ၊ လွမ်းသူ့ပန်းခွေချ အလေးပြုအခမ်းအနား စီစဉ်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) အလံတင်အခမ်းအနား ကျင်းပရေး ဆပ်ကော်မတီ၊ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ပြသရေး ဆပ်ကော်မတီတို့မှ အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေး ကော်မတီအလိုက် လုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

**ကိုဗစ်–၁၉ စည်းကမ်းချက်များ လိုက်နာရန်**

ယင်းနောက် တက်ရောက်လာသူများက အထွေထွေဆွေးနွေး တင်ပြကြပြီး ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်နေကြသည့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေး လိုက်နာရမည့် စည်းကမ်းချက်များနှင့် လုံခြုံရေးကိစ္စရပ်များကို အထူးအလေးအနက်ထား လိုက်နာဆောင်ရွက်ရန် နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခြောက်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၅**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေး စောင့်ရှောက်မှုများကို နေ့ညမပြတ်ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၆၅၉၈၅ ဦးနှင့် အတွင်းလူနာပေါင်း ၇၇၃၀၆ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

ယင်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၁၂၃၄၀၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၆၅၁၅ ဦး စုစုပေါင်း ၁၈၈၅၅ ဦးတို့ကို ခွဲစိတ်ကုသပေး နိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။

ထို့ပြင် ကလေးမီးဖွားလူနာ ၆၂၄၂ ဦးကို ခွဲစိတ်၍ လည်းကောင်း၊ ၈၉၀၀ ကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၅၁၄၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စုပေါင်းလုပ်မှ အကျိုးရှိနိုင်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရှမ်းပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၅

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်နှင့်အတူ ဇူလိုင် ၂ ရက် မွန်းလွဲပိုင်းတွင် နမ့်စန်မြို့နယ်အတွင်းရှိ နောင်စန့်- နောင်ဗို ကျေးရွာချင်းဆက်လမ်း ၈ မိုင်တွင် ၁ မိုင် ၄ ဖာလုံ ကျောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ၆ လ ဘတ်ဂျက်တွင် ၃၅ ပေ သံကူကွန်ကရစ်တံတား တည်ဆောက်ရန် လျာထားနေရာနှင့် နားရိုင်း-ကုန်းမလမ်းမှ မောက်မယ် - ဆီဆိုင်လမ်းခွဲအထိ ၁၆ မိုင် ၆ ဖာလုံတွင် ၂ မိုင် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**



### ဝတ်စုံများ ထောက်ပံ့ပေးအပ်

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် ကွန်ဟိန်းမြို့နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတွင် ဝန်ထမ်းများ၊ သင်တန်းသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။ ယင်းနောက် ဝန်ထမ်းများနှင့် သင်တန်းသူများအတွက် ဝတ်စုံများ ထောက်ပံ့ပေးအပ်ကာ သင်တန်းကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ လွယ်မွေမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြား၍ ကျောင်းသား/ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ကာ သင်တန်းကျောင်းအတွင်းရှိ အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်နှင့် သင်တန်းခန်းမများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

### ပေါင်းစပ်ညှိနှိုင်း

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ) နှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ဝန်ထမ်းများ၊ ကျောင်းသား/ကျောင်းသူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ကျောင်းအုပ်နှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်တို့က ဒေသဖွံ့ဖြိုးရေးနှင့် သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။ ယင်းနောက် ဝန်ထမ်းများအတွက် ဝတ်စုံများ၊ ဦးထုပ်နှင့် ရှူးဖိနပ်များ၊ ကျောင်းသား/ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ကာ သင်တန်းကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ထည့်သွင်းဆောင်ရွက်

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့နယ်၊ ကတ်ထိုက်- လွယ်ပန်တောင်း- အင်ဂိုလုံလမ်း ၃၃ မိုင် ၅ ဖာလုံအနက် ၁ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်း၊ ကျိုင်းတုံ-တောင်ကြီးလမ်းမှ ပန်မတ်ကျေးရွာသို့အဝင်လမ်း ၁၃ မိုင်တွင် ၁ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်း လုပ်ငန်းများကို စစ်ဆေးခဲ့ပြီး လမ်းတံတားလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီရေး၊ ရေရှည်တည်တံ့ခိုင်ခံ့စေရန်အတွက် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ဆောင်ရွက်ပြီး လမ်းလုပ်ငန်းများကို ပြုပြင်ထိန်းသိမ်းရန် စီမံဆောင်ရွက်ရေး၊ လိုအပ်သောနေရာများတွင် ရေပြွန်နှင့် Box Culvert များ ထည့်သွင်းဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ပါမောက္ခချုပ်နှင့် ပါမောက္ခ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၅**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်နည်းပညာတက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ပါမောက္ခ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။ (ယာပုံ)



### သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ကမ္ဘာတွင် သိပ္ပံနှင့် နည်းပညာကဏ္ဍ၌ ပြောင်းလဲတိုးတက်လျက်ရှိသော Industrial Revolution(4.0)ဆိုင်ရာနယ်ပယ်များ၊ Artificial Intelligent နှင့် Robotics ဆိုင်ရာနယ်ပယ်များ၊ Cloud Computing နှင့် Internet of Things ကဲ့သို့ Big Dataများကိုအခြေခံသည့်ဘာသာရပ်နယ်ပယ်များကို ဒေသတွင်းအဆင့်၊ နိုင်ငံတကာအဆင့်များနှင့် ချိန်ထိုး၍ မိမိနိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုနယ်ပယ်များတွင် သိပ္ပံနှင့် နည်းပညာရပ်များအား အသုံးချဆောင်ရွက်နိုင်ရေးနှင့် ခေတ်နောက်ကျ မကျန်စေရေးအတွက် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ပါကြောင်း။

### တိုးမြှင့်ဆောင်ရွက်

သိပ္ပံနှင့်နည်းပညာကဏ္ဍအား ဦးဆောင်နေသည့် ရန်ကုန်နည်းပညာတက္ကသိုလ် အပါအဝင် တစ်နိုင်ငံလုံးရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် သက်ဆိုင်ရာ အထူးပြုတက္ကသိုလ်များအနေဖြင့် သုတေသန အသားပေးဆောင်ရွက်နိုင်သည့် တက္ကသိုလ်များအဖြစ် ရောက်ရှိနိုင်ရေး နှစ်အလိုက် ဆောင်ရွက်သွားမည့် Plan များ ချမှတ်၍ သုတေသနများ တိုးတက်ဆောင်ရွက်ခြင်း၊ သုတေသနပြုရန်အတွက် စနစ်ကောင်းနှင့် ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းစေရေး ဆောင်ရွက်ခြင်း၊ သိပ္ပံပြပွဲ၊ ပြိုင်ပွဲများ၊ တီထွင်မှုပြပွဲပြိုင်ပွဲများနှင့် သုတေသနစာတမ်းဖတ်ပွဲများ ပြုလုပ်ခြင်းတို့ဖြင့် နိုင်ငံ့အကျိုးပြု သုတေသနနှင့် တီထွင်ဆန်းသစ်မှုများအား တိုးမြှင့်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

### ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရစက်မှု လက်မှုသိပ္ပံ (အင်းစိန်) သို့ သွားရောက်ပြီး ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ဌာနမှူး၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ သင်ကြားသင်ယူမှုနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ရောဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၅

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ဇူလိုင် ၄ ရက် နံနက် ၇ နာရီတွင် ပုသိမ်မြို့ ဆောက်လုပ်ရေးရိပ်သာ၌ ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရောဝတီတိုင်းဒေသကြီးအတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။**




**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦ အထူးအဖွဲ့ (၁၅) မှ တာဝန်ယူ တည်ဆောက်နေသော ပုသိမ် ပြည်သူ့ဆေးရုံကြီး (၉) ထပ် တိုးချဲ့ဆောင် တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပုသိမ် – ကံကလေး လမ်းပိုင်း၊ ကံကလေး– ရေကြည် – ဘက်ရဲလမ်းအပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှု၊ ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် အလုံကျေးရွာအုပ်စုရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူကြီးကြပ်ဆောင်ရွက်သော အရှည်ပေ ၁၅၀ ရွာသစ်ကြီး –ပေါက်တူးချောင်းကူး တံတား တည်ဆောက်ပြီးစီးမှုနှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပုသိမ် – မုံရွာလမ်း (ရောဝတီတိုင်းဒေသကြီးအပိုင်း) မိုင်တိုင်အမှတ် (၁၀၀/၁) ရှိ လမ်းလုပ်ငန်းခွင်တွင် ရောဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) က ကွန်ကရစ်လမ်းအဆင့် မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်ချက်များ မှာကြား**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သရက် – နတ်မီးတောက် – ကံမ လမ်းပေါ်၌ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၃) မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော အရှည်ပေ ၁၃၀၀ မင်းတုန်းချောင်းတံတား (ရေနံ့သာ) တည်ဆောက်ရေး လုပ်ငန်းခွင်တွင် ကွန်ကရစ်တံတားသစ် တည်ဆောက်နေမှုနှင့် လုပ်ငန်းပြီးစီးမှု၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၃)မှတာဝန်ယူတည်ဆောက်နေသော သရက်–မင်းလှ လမ်းပေါ်ရှိ အရှည်ပေ ၂၇၀ ဂွေးချိုတံတား တည်ဆောက်နေမှု၊ အရှည်ပေ ၁၈၀ ထန်းကိုင်းတံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

**ဦးစားပေးအလိုက် ဆောင်ရွက်**

ပြည်ထောင်စု ဝန်ကြီးသည် ယနေ့နံနက် ၈ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ကိုဗစ်–၁၉ ညွှန်ကြားချက်များနှင့်အညီ တွေ့ဆုံပြီး မကွေးတိုင်းဒေသကြီး အတွင်းရှိ ကွန်ရက်သဖွယ် ဖောက်လုပ်ထားသော လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လမ်းများအား အမျိုးအစားခွဲခြား၍ ဦးစားပေးအလိုက် ဆောင်ရွက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**ပြုပြင်ထိန်းသိမ်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရောဝတီတံတား (မကွေး) ကြံခိုင်မှု အခြေအနေ၊ နေပြည်တော်–တောင်ညို–မြို့သစ်–ကန်ပြား–မကွေးလမ်း တစ်လျှောက် လမ်း၊ တံတား ပြုပြင်ထိန်းသိမ်း ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားကြောင်း သိရသည်။ (အပေါ်ပုံ) **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ဝန်ထမ်းသစ်များ ကြိုဆိုပွဲနှင့် ဝန်ထမ်းသစ်များ စွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဝန်ထမ်းသစ်များ ကြိုဆိုပွဲနှင့် စွမ်းရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ "စိန်ရတုအလှမှန်– ထာဝရမြန်မာ့အသံ" သီချင်းဖြင့် ကပြဖျော်ဖြေသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် က ဝန်ထမ်းသစ်များအား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်းနှင့် နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် ဌာန၏ သတ်မှတ်ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို စိတ်စေတနာကောင်းဖြင့် ဂုဏ်ယူစွာ တာဝန်ထမ်းဆောင်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ဝန်ထမ်းသစ်များက တစ်ဦးချင်း မိတ်ဆက်ပြောကြားပြီး "အသစ်တစ်ဖန် – ခေတ်သဏ္ဌာန် MRTV" သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။



ဝန်ထမ်းသစ်များ စွမ်းရည်မြှင့်တင်ရေးသင်တန်းတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာများ၊ ရုံးလုပ်ငန်းလက်စွဲ၊ ဌာန၏ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ မီဒီယာနှင့် ရုပ်သံပညာရပ်များကို ဝန်ထမ်းသစ် ၁၂၈ ဦးအား သင်ကြားပို့ချပေးမည်ဖြစ်ပြီး COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ အခန်းများခွဲခြားကာ ရက်သတ္တ ၂ ပတ်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လားရှိုးခရိုင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ရန်ပုံငွေကြီးကြပ်ရေးကော်မတီထံသို့ ငွေကျပ်သိန်း ၅၀ လှူဒါန်း

**လားရှိုး ဇူလိုင် ၅**

လားရှိုးမြို့၌ ကိုဗစ်–၁၉ အတည်ပြုလူနာများ များလာသောကြောင့် လားရှိုးပြည်သူ့ဆေးရုံကြီး စောင့်ကြည့်ကုသရေးအဆောင်များသာမက ပြည်ထောင်စုအားကစားကွင်းမိုးလုံလေလုံခန်းမ စောင့်ကြည့်ကုသရေးအဆောင်၊ ပညာရေးကောလိပ်စောင့်ကြည့် ကုသရေး အဆောင်များကို ထပ်မံဖွင့်လှစ်စောင့်ကြည့်ကုသပေးလျက်ရှိသည်။

ခရိုင် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ရန်ပုံငွေကြီးကြပ်ရေးကော်မတီထံသို့ ဇူလိုင် ၅ ရက်က လားရှိုးမြို့ ရတနာမိုးစက်သုံးဆီဆိုင်မှ အလှူငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း၊ ဦးရန်ကြီးအောင် – ဒေါ်အေးရွှေ ကုန်စုံဆိုင်မိသားစုကလည်း ငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ခရိုင် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ရန်ပုံငွေကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီအနေဖြင့်လည်း သက်ဆိုင်ရာဌာနများပါဝင်လျက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လမ်းညွှန်ထားသော လမ်းညွှန်ချက်များအပါအဝင် Stay at home ကြေညာထားသည့်နေ့မှစ၍ ရပ်ကွက်များအလိုက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအပြင် လမ်းညွှန်ထားရှိသော စည်းကမ်းများမှ မလိုအပ်ဘဲ အပြင်မထွက်ခြင်း၊ မဖြစ်မနေထွက်ပါကလည်း အိမ်တစ်အိမ် တစ်ဦးသာထွက်၍ ဈေးဝယ်ခြင်း၊ ဆေးရုံဆေးခန်းသို့ သွားရပါကလည်း နှစ်ဦးသာ သွားခြင်း၊ အပြင် ထွက်တိုင်း နှာခေါင်းစည်း တပ်ဆင်ရေး အစရှိသောကိုဗစ်–၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟန်ဌေး (လားရှိုး)**

## ကွမ်းလုံမြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်

**ကွမ်းလုံ ဇူလိုင် ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင် ကွမ်းလုံမြို့နယ်တွင် မြို့နယ်ကိုဗစ်–၁၉ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ကော်မတီ၏ ဦးဆောင်မှုဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး နှာခေါင်းစည်း တပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ခြင်းကို ယနေ့နံနက် ၉ နာရီက ဝန်ထမ်းရပ်ကွက် ကျောက်တိုင်ကွေ့ လမ်းဆုံ၌ပြုလုပ်သည်။

မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ နှာခေါင်းစည်း တပ်ဆင်ရေး လှုပ်ရှားမှု ပြုလုပ်ခြင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၅

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။ **မိုး/ဇလ**

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးဖူလုံရန်၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရန်၊ ဆက်သွယ်မှုစနစ်ကောင်းမွန်ရန်နှင့် ကျန်းမာရေးနှင့် ပညာရေးစနစ် ကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းတို့ရှိရန် လိုအပ်ကြောင်း၊ လူသားအရင်းအမြစ်ကောင်းရရှိရန်အတွက် ကျန်းမာရေး၊ ပညာရေးတို့ကို အားပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူသားအရင်းအမြစ်များ ထွက်ပေါ်လာစေရန် အလွန်အရေးကြီးသည့် ပညာတတ်မျိုးဆက်သစ်များ ပေါ်ထွက်လာစေရေး ပညာရေးကို အားပေးကြရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၇-၅-၂၀၂၁ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ



**နေပြည်တော် ဇူလိုင် ၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် (၃၅) ၏ မျက်နှာစာရှိ မြေကွက်လပ်၌ ကျင်းပသည်။

သစ်ပင်စိုက်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများက သတ်မှတ်နေရာအသီးသီးတွင် ကျွန်းပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးမှုအား လိုက်လံကြည့်ရှု အားပေးကြသည်။ **(ယာပုံ)**

ယနေ့သစ်ပင်စိုက်ပွဲတွင် ကျွန်းပင်ပေါင်း ၁၈၀၀ စိုက်ပျိုးခဲ့ပြီး ယခင်နှစ်များက စိုက်ပျိုးခဲ့သည့် ရတနာတန်းဝင်ပင်၊ အရိပ်ရလေကာပင်နှင့် စိန်တစ်လုံးသရက်ပင် စုစုပေါင်း အပင်၂၄၅၀ သည်လည်း ရှင်သန်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အလုပ်သမားရေးရာဆိုင်ရာ အရာထမ်းများ လုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၂၁) ဖွင့်ပွဲတက်ရောက်

**နေပြည်တော် ဇူလိုင် ၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆိုင်ရာ အရာထမ်းများ လုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၂၁) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဝဲပုံ)





**တွေးခေါ် စဉ်းစားဆောင်ရွက်**

ရှေးဦးစွာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းကမ်းများဖြစ်သည့် အလုပ်ချိန်စည်းကမ်း၊ တာဝန်ထမ်းဆောင်မှုနှင့်လုပ်ရည်ကိုင်ရည် စည်းကမ်း၊ ပါတီနိုင်ငံရေး ကင်းရှင်းရန် စည်းကမ်းတို့ကို လိုက်နာရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကောလာဟလသတင်းများနှင့် သွေးထိုးစကားများကို မယုံဘဲ သတင်းမှန်၊ ဖြစ်ရပ်မှန်များအပေါ် မူတည် ပြီး ဓမ္မဓိဋ္ဌာန်ကျကျ တွေးခေါ် စဉ်းစားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

**ရှင်းလင်းပြောကြား**

ဝန်ထမ်းများအနေဖြင့် သင်ကြားချက်များအပေါ် အခြေခံပြီး ဘဝတစ်သက်တာ လေ့လာသင်ယူမှုများပြုလုပ်လျက် ဉာဏ မိတ္တပြည့်စုံသည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်၊ နိုင်ငံတော်နှင့် အလုပ်ရှင်၊ အလုပ်သမားများ အားကိုးယုံကြည်ရသော အရာထမ်းများ ဖြစ်လာစေရေး ကြိုးစားသွားကြရန် မှာကြားလိုကြောင်း ပြောကြားပြီး လတ်တလော နိုင်ငံရေးအခြေအနေများ၊ ILO နှင့် ဆက်ဆံရေးအခြေအနေများကို ရှင်းလင်းပြောကြားသည်။

**တစ်ပတ်ကြာမြင့်မည်ဖြစ်**

သင်တန်းသို့ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်း ၃၀၊ လူမှုဖူလုံရေးအဖွဲ့မှ ဝန်ထမ်း ၁၅ ဦး စုစုပေါင်း ၄၅ ဦးတက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ လှူဖွယ်ပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဇူလိုင် ၅**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာရှိ ဓမ္မပါလကျောင်းတိုက်နှင့် တိုက်ကြီးမြို့နယ် အဖျောက်မြို့ အင်းတရာကျေးရွာရှိ အင်းတရာအောက်ကျောင်း ကျောင်းတိုက်တို့မှ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ Covid-19 ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရည်မှန်းချက်တာဝန်

ကိုရေချမ်း

ကျွန်တော်တို့လူသားတွေဟာ လောကကြီးထဲမှာ အကြောင်းအမျိုးမျိုး၊ ရည်ရွယ်ချက်အဖုံဖုံ၊ အခြေအနေအမျိုးမျိုးနဲ့ ဖြတ်သန်းနေကြပါတယ်။ ဒီလိုဖြတ်သန်းနေကြတာဟာ အဓိပ္ပာယ်ရှိသလား၊ မရှိဘူးလားဆိုတာကို ဆန်းစစ်ကြည့်ဖို့ လိုအပ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော်က တေးရေး မောင်သစ်မင်း ရေးစပ်ပြီး ကွယ်လွန်သူမင်းသားကြီး ကျော်ဟိန်းအပါအဝင် တေးသံရှင်အများအပြား သီဆိုခဲ့တဲ့ "အဓိပ္ပာယ်ရှိသောလူသား" တေးသီချင်းလေးကို သတိရမိပါတယ်။

" အချိန်ရေစီးကြောင်းတသွင်သွင်စီးနေ<br>
ငါတို့အားလုံး အမှတ်တမဲ့ လွန်မြောက်ခဲ့<br>
အိပ်မက်နိုးထ တို့ဘဝ အရွယ်ရောက်ခဲ့<br>
ဆင်ခြင်စဉ်းစား သတိရလာခဲ့ပြီ<br>
ဒီကမ္ဘာလောကတို့အတွက်<br>
မိတ်ဆွေဘဝအဓိပ္ပာယ် ရှိရမယ်လေ<br>
မိတ်ဆွေ လူ့ဘဝကိုအကျိုးရှိဖို့<br>
မိတ်ဆွေ တစ်ခုခုကို ဆုံးဖြတ်ပါလေ .....<br>
"တာဝန်တစ်ခုခုယူရန် ဆုံးဖြတ်ကြ<br>
ကိုယ်လွတ်ရုန်းတဲ့စိတ်ဓာတ်ဖယ်ရှားပစ်<br>
လူတွေကြားက လောကလိုအပ်ချက်<br>
ရှာဖွေဖြည့်စွက် လောကလူသားအတွက်<br>
ဒီကမ္ဘာလောကတို့အတွက် မိတ်ဆွေဘဝ<br>
အဓိပ္ပာယ်ရှိရမယ်လေ ..... ...............<br>
"မိတ်ဆွေ တစ်ခုခုကိုဆုံးဖြတ်လိုက်<br>
မိတ်ဆွေ တစ်ခုခုကိုဆုံးဖြတ်လိုက် ......."

ဒီသီချင်းလေးကို သေသေချာချာ နားထောင်ကြည့်ရင် ကျွန်တော်တို့အားလုံးအတွက်၊ ကျွန်တော်တို့ လူသားအားလုံးအတွက် အလွန်ပဲ အဓိပ္ပာယ်ရှိလှပါတယ်။ စေ့စေ့တွေးကြည့်ရင် လက်ရှိဘဝအတွက် တရေးရေး သဘောပေါက်လာနိုင်ပါတယ်။ သီချင်းရဲ့ စေတနာက လူ့ဘဝကို အချည်းနှီးအဓိပ္ပာယ်မရှိ မကုန်ဆုံးစေချင်ဘဲ လူ့ဘဝကို အကျိုးရှိအောင် အသုံးချနိုင်မယ့် အဓိပ္ပာယ်ရှိတဲ့ လူသားတွေ ဖြစ်စေချင်တာပါပဲ။ ရည်ရွယ်ချက် ကောင်းမွန်လှတဲ့ သီချင်းလေးတစ်ပုဒ်ပါပဲ။ တိရစ္ဆာန်ထက် အဆင့်အတန်းမြင့်မား၊ အတွေးအခေါ်မြင့်မားတဲ့ လူသားတွေဟာ လက်ရှိဘဝမှာ မိမိတို့ကိုယ်ကို မိမိတို့ ပြန်လည်ဆင်ခြင်သုံးသပ်ပြီး အဓိပ္ပာယ်ရှိတဲ့ အလုပ်တွေကို အချိန်မီလုပ်ကြဖို့ ဖြစ်ပါတယ်။

## ဘဝတွေဖြတ်သန်း

ကျွန်တော်တို့တစ်တွေဟာ နေ့စဉ်နဲ့အမျှ စားနေ၊ အိပ်နေ၊ နားနေ၊ အလုပ်လုပ်နေကြတာတွေဟာ ဘဝရှင်သန်ရေးနဲ့ တဒင်္ဂဘဝတစ်ခု ဖြစ်တည်ရေးအတွက် သတိနဲ့ဖြစ်စေ၊ အမှုမဲ့အမှတ်မဲ့ဖြစ်စေ ဖြတ်သန်းနေကြတာ ဖြစ်ပါတယ်။ ဒီလို ဖြတ်သန်းနေကြရာမှာ ရည်ရွယ်ချက်မဲ့၊ အဓိပ္ပာယ်မဲ့ ပေါ့ပေါ့ဆဆ ဖြတ်သန်းနေကြတဲ့သူတွေရှိသလို၊ ရည်ရွယ်ချက်တစ်ခုခုနဲ့ ဖြတ်သန်းနေကြသူတွေလည်း ရှိကြပါတယ်။

များသောအားဖြင့် စားဝတ်နေရေးပြေလည်ဖို့ ရည်ရွယ်ချက်နဲ့ ရပ်တည်နေကြသူတွေ များပါတယ်။ တချို့က ကိုယ်လုပ်နေတဲ့ အလုပ်မှာ အောင်မြင်ချင်လို့၊ တချို့က လူအများနဲ့သက်ဆိုင်တဲ့ နယ်ပယ်တစ်ခုခုမှာ ထင်ရှားချင်လို့၊ ကျော်ကြားချင်လို့၊ တချို့ကျတော့လည်း သူများလုပ်လို့ လိုက်လုပ်ကြတာ၊ တချို့ကျတော့ ပေါ်ပြူလာဖြစ်ချင်လို့၊ လူသိများစေချင်လို့၊ တချို့ကျတော့လည်း စိတ်ကြည်နူးချင်လို့၊ ပျော်ပါးချင်လို့၊ သာယာချင်လို့လုပ်ကြတာ စတဲ့ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ဘဝတွေကို ဖြတ်သန်းနေကြတာတွေ့ရမှာ ဖြစ်ပါတယ်။

များသောအားဖြင့် စားဝတ်နေရေးပြေလည်ဖို့ ရည်ရွယ်ချက်နဲ့ ရပ်တည်နေကြသူတွေ များပါတယ်။ တချို့က ကိုယ်လုပ်နေတဲ့ အလုပ်မှာ အောင်မြင်ချင်လို့၊ တချို့က လူအများနဲ့သက်ဆိုင်တဲ့ နယ်ပယ်တစ်ခုခုမှာ ထင်ရှားချင်လို့၊ ကျော်ကြားချင်လို့၊ တချို့ကျတော့လည်း သူများလုပ်လို့ လိုက်လုပ်ကြတာ၊ တချို့ကျတော့ ပေါ်ပြူလာဖြစ်ချင်လို့၊ လူသိများစေချင်လို့၊ တချို့ကျတော့လည်း စိတ်ကြည်နူးချင်လို့၊ ပျော်ပါးချင်လို့၊ သာယာချင်လို့ လုပ်ကြတာ စတဲ့ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ဘဝတွေကို ဖြတ်သန်းနေကြတာတွေ့ရမှာ ဖြစ်ပါတယ်

## မှားယွင်းနေတဲ့သူ

ဒီတော့ ကျွန်တော်တို့တစ်တွေ ဘဝကို ဒီလိုဖြတ်သန်းနေကြတာတွေဟာ ရည်ရွယ်ချက်မှန်ကန်ရဲ့လား၊ ကျွန်တော်တို့ဘဝတွေမှာ နေ့စဉ်နဲ့အမျှ လုပ်နေကြတဲ့ အလုပ်တွေအတွက် အဓိပ္ပာယ်ရှိရဲ့လားဆိုတာကို မိမိကိုယ်မိမိ မေးခွန်းထုတ်ကြည့်ရမှာဖြစ်ပါတယ်။ အဓိပ္ပာယ်ရှိတဲ့အလုပ်၊ အဓိပ္ပာယ်ရှိတဲ့ဘဝဆိုတာဟာ မိမိဘဝအတွက်သာမက နောင်လာနောက်သားတွေအတွက် ကောင်းမွန်တဲ့ အမွေအနှစ်တွေ ချန်ထားရစ်နိုင်အောင် လုပ်ဆောင်တာမျိုး၊ ကောင်းကျိုးတွေ ဖြစ်ထွန်းအောင် လုပ်ဆောင်တာမျိုးဖြစ်ပါတယ်၊ ဒီလိုလုပ်ဆောင်မှ တန်ဖိုးရှိတဲ့အလုပ်၊ တာဝန်ကျေတဲ့အလုပ်၊ အဓိပ္ပာယ်ရှိတဲ့အလုပ်ဖြစ်ပါတယ်။

လူ့ဘောင်လောက၊ လူသားလောကဟာ အချိန်တိုတောင်းလွန်းလှပါတယ်။ ရရှိထားတဲ့ အချိန်လေးအတွင်းမှာပဲ အဓိပ္ပာယ်ရှိတဲ့အလုပ်တွေကိုလုပ်နိုင်မှသာ မိမိတို့ဘဝလည်း တန်ဖိုးရှိ၊ လောကအတွက်လည်း ကောင်းကျိုးဖြစ်စေမှာ အမှန်ဖြစ်ပါတယ်။ ဘဝကို ကောင်းကျိုးဖြစ်အောင်၊ တန်ဖိုးရှိအောင် ဘဝအတွက် မှန်ကန်တဲ့ရည်ရွယ်ချက်တွေရှိမှ အဓိပ္ပာယ်ရှိမှာဖြစ်ပါတယ်။ လူဟာ ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ် လုပ်နေကြတာ မှန်ပေမယ့် ကိုယ်လုပ်နေတဲ့ အလုပ်ရဲ့ရည်ရွယ်ချက်ဟာ မှန်လား၊ မှားလားဆိုတာကို ဆင်ခြင်တတ်ဖို့ လိုပါတယ်။ ကိုယ်လုပ်နေတဲ့ အလုပ်အပေါ်မှာ တွေဝေနေတဲ့သူတွေ၊ လက်တွေ့မဆန်တဲ့သူတွေ၊ စိတ်ကူးယဉ်တဲ့သူတွေ၊ မှားယွင်းနေတဲ့သူတွေ ရှိကြပါတယ်။

## အမြန်ဆုံးရုန်းထ

ကိုယ့်ကိုယ်ကိုယ် မှန်မှန်ကန်ကန် ဆင်ခြင်သုံးသပ်နိုင်မှ၊ ပြတ်ပြတ်သားသား ဝေဖန်ပိုင်းခြားနိုင်မှ အမှန်အမှားကို ကွဲကွဲပြားပြားသိနိုင်မှာ ဖြစ်ပါတယ်။ ကိုယ်လုပ်တဲ့အလုပ်ဟာ မှားနေတယ်ဆိုရင် အချိန်မီပြင်ဖို့ လိုအပ်ပါတယ်။ အဲဒီသီချင်းထဲကလိုပဲ ကျွန်တော်တို့ ဘာတွေဆက်လုပ်ကြမှာလဲ။ ကျွန်တော်တို့ လုပ်နေတဲ့ ရည်မှန်းချက်တွေ၊ အလုပ်တွေဟာ စိတ်ကူးယဉ်သလိုဖြစ်နေရင် စိတ်ကူးယဉ်အိပ်မက်ထဲက မြန်မြန်နိုးထကြဖို့ လိုပါတယ်။ ကျွန်တော်တို့ ရည်မှန်းချက်တွေ၊ အလုပ်တွေဟာ အမှောင်ဝိုးတဝါးထဲရောက်နေရင်လည်း မှန်ကန်တဲ့ အလင်းရောင်အောက်ကိုရောက်ဖို့ အမြန်ဆုံးရုန်းထကြဖို့ လိုပါတယ်။

အဲဒီတော့ ကျွန်တော်တို့ဘဝတွေကို မှန်ကန်တဲ့ဖြတ်သန်းမှု၊ မှန်ကန်တဲ့ ဖြစ်တည်မှုတွေရဖို့အတွက် ကျွန်တော်တို့တစ်တွေ ထားရှိရမယ့် ရည်မှန်းချက်တာဝန်တွေက -

(၁) လောကကောင်းကျိုးကို ဆောင်ကြဉ်းနိုင်မယ့် ရည်မှန်းချက်တွေထားရမယ်။

(၂) မိဘဆွေမျိုး၊ အသိုင်းအဝိုင်းတွေ ကောင်းကျိုး၊ နိုင်ငံကောင်းကျိုးကို ရည်ရွယ်ပြီး မိမိပတ်ဝန်းကျင်နဲ့ နိုင်ငံအကျိုးကို သယ်ပိုးထမ်းဆောင်ကြကာ ကျေးဇူးသိတတ်တဲ့သူတွေ၊ ကျေးဇူးဆပ်တဲ့သူတွေဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြဖို့ လိုပါတယ်။

(၃) အဲဒီတာဝန်နှစ်ရပ်ကို ကောင်းမွန်စွာ ထမ်းဆောင်ဖို့အတွက် မိမိကိုယ်ကိုယ်မိမိ ပျိုးထောင်မြှင့်တင်ပေးမယ့် ရည်မှန်းချက်တာဝန်ကို သိမြင်ခံယူကြဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ငယ်ငယ်တုန်းက အခြေခံပညာကျောင်းမှာ ဆိုခဲ့ကြသလိုပါပဲ။ မိမိကိုယ်ကိုယ် ကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်ကို ကောင်းအောင်ကြိုးစားမည်ဆိုတဲ့ သန္နိဋ္ဌာန်မျိုးနဲ့ အားထုတ်ကြပါမှ အဓိပ္ပာယ်ရှိတဲ့ လူသားတွေဖြစ်ကြမှာ အမှန်ပါပဲ။ ။

❑ ကျွန်တော်တို့ဘဝတွေကို မှန်ကန်တဲ့ဖြတ်သန်းမှု၊ မှန်ကန်တဲ့ ဖြစ်တည်မှုတွေရဖို့အတွက် ကျွန်တော်တို့ တစ်တွေ ထားရှိရမယ့် ရည်မှန်းချက်တာဝန်တွေက -

(၁) လောကကောင်းကျိုးကို ဆောင်ကြဉ်းနိုင်မယ့် ရည်မှန်းချက် တွေထားရမယ်။

(၂) မိဘဆွေမျိုး၊ အသိုင်းအဝိုင်းတွေ ကောင်းကျိုး၊ နိုင်ငံကောင်းကျိုးကို ရည်ရွယ်ပြီး မိမိပတ်ဝန်းကျင်နဲ့ နိုင်ငံအကျိုးကို သယ်ပိုးထမ်းဆောင်ကြကာ ကျေးဇူးသိတတ်တဲ့သူတွေ၊ ကျေးဇူးဆပ်တဲ့သူတွေဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြဖို့ လိုပါတယ်။

(၃) အဲဒီတာဝန်နှစ်ရပ်ကို ကောင်းမွန်စွာ ထမ်းဆောင်ဖို့အတွက် မိမိကိုယ်ကိုယ်မိမိ ပျိုးထောင်မြှင့်တင်ပေးမယ့် ရည်မှန်းချက်တာဝန်ကို သိမြင်ခံယူကြဖို့ လိုအပ်ပါတယ်

## အကျဉ်းထောင်၊ အချုပ်ထောင်အသီးသီးရှိ ရဲစစ်ဆေးဆဲ အမှုအချို့မှ အချုပ်သူ၊ အချုပ်သားများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်လွှတ်ပေးခဲ့သည့်ကိစ္စရပ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

### သတင်းထုတ်ပြန်ချက် (၁၀/ ၂၀၂၁)

၁။ နိုင်ငံပိုင်သတင်းမီဒီယာများအရ သဘင်၊ ဂီတ၊ ရုပ်ရှင်လောကမှ အနုပညာရှင်များအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅ - က ဖြင့် အမှုဖွင့် တရားစွဲဆိုထားသူများအနက်မှ (၂၄) ဦးနှင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကျဉ်းထောင်၊ အချုပ်ထောင်အသီးသီးရှိ အမှုဖွင့်အရေးယူထားသူများအနက်မှ ပထမဦးစားပေးအဖြစ် ရဲစစ်ဆေးဆဲ အမှု အမျိုးသား၊ အမျိုးသမီး (၈၆) ဦး၊ တရားရုံးစစ်ဆေးဆဲအမှု အမျိုးသား၊ အမျိုးသမီး (၂၂၁၀) ဦး၊ စုစုပေါင်း (၂၂၉၆) ဦး တို့ကို သက်ဆိုင်ရာ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုရုပ်သိမ်းပေးခဲ့ပြီး ပြန်လည်စေလွှတ်ပေးခဲ့ခြင်းကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က အားတက်မိပါသည်။

၂။ အထက်ပါပြန်လည်စေလွှတ်ပေးခဲ့သည့် အမှုရင်ဆိုင်ဆဲ အချုပ်သူ၊ အချုပ်သားများတွင် သတင်းမီဒီယာသမားများလည်း ပါဝင်ခဲ့ကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ကြေညာချက် (၆/၂၀၂၁) အရ သိရှိရပါသည်။ ယင်းကဲ့သို့ အနုပညာရှင်များ၊ သတင်းမီဒီယာသမားများ အပါအဝင် အမှုရင်ဆိုင်ဆဲ အချုပ်သူ၊ အချုပ်သားများကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အမှုရုပ်သိမ်းကာ ပြန်လွှတ်ပေးခဲ့ခြင်းအပေါ် သက်ဆိုင်ရာ မိသားစုများ၊ နိုင်ငံသူ နိုင်ငံသားများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းအသီးသီးတို့ကလည်း စိတ်အားတက်ကြွကြမည်ဟု ယုံကြည်ပါသည်။

၃။ ယခုကဲ့သို့ COVID–19 ကူးစက်ရောဂါ၏ ခြိမ်းခြောက်မှုကို မြန်မာနိုင်ငံအပါအဝင် လူသားမျိုးနွယ်များအားလုံး ရင်ဆိုင်ကြုံတွေ့နေရသည့် အချိန်ကာလတွင် အမှုဖွင့်လုစ်ထားခြင်းမှ ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ရုပ်သိမ်းပြန်လွှတ်ပေးခြင်းသည် လူသားချင်းစာနာထောက်ထားမှုများနှင့် လူ့အခွင့်အရေးရှုထောင့်များမှ အလွန်အရေးပါသော လုပ်ဆောင်မှုတစ်ရပ်ဖြစ်သည့်အပြင် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကြိုးပမ်းအားထုတ်ဆောင်ရွက်မှုများကို အတိုင်းအတာတစ်ရပ်အထိ အထောက်အပံ့ဖြစ်စေမည်ဟု ကော်မရှင်မှ ရှုမြင်ပါသည်။

၄။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ကြေညာချက်တွင် ပြန်လည်လွှတ်မြောက်လာသည့် သတင်းမီဒီယာသမားများအနေဖြင့် စတုတ္ထမဏ္ဍိုင် ဖွံ့ဖြိုးရေးအတွက် လိုအပ်လျက်ရှိသော ကျင့်ဝတ်နှင့် စံနှုန်းများကို ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းချက်ကိုလည်း ကြိုဆိုအပ်ပါသည်။

၅။ အလားတူ ဆောင်ရွက်ချက်များ မကြာသေးမီကာလအတွင်း ထပ်မံပေါ်ထွက်လာပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးကို ပိုမိုအရှိန်အဟုန်မြင့်စေမည်ဟု မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က ပြင်းပြစွာ မျှော်လင့်မိပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၅ ရက်**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဝင်းအတွင်း၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

သစ်ပင်စိုက်ပွဲ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်တို့က မဟော်ဂနီပင်ကို စိုက်ပျိုးပေးပြီး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများက ကျွန်းပင် ၂၀၀၊ ပျဉ်းကတိုး ၇၅ ပင်၊ မဟော်ဂနီ ၂၅ ပင်၊ ပိတောက်ပင် ၅၀ စုစုပေါင်း နှစ်ရှည်ပင် ၃၅၀ စိုက်ပျိုးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ ဆည်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၅၀၀၀ ကို ငါးမျိုး စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

မြန်မာ- ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။




အစည်းအဝေးသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း ဦးဆောင်၍ ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေး ကော်မတီဝင်များဖြစ် သော ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ သတင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနတို့မှ ကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံမှူးကြီးနှင့် အလုပ်သမားသံအရာရှိအပါအဝင် အဖွဲ့ဝင်ကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံ၊ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ဌာန ညွှန်ကြားရေးမှူးချုပ် Mr. Phairoj Chotikasatien ဦးဆောင်သော ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ထိုင်းနိုင်ငံ အစိုးရအဖွဲ့အစည်းအဝေးမှ မြန်မာရွှေ့ပြောင်း အလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါစစ်ဆေးခြင်း၊ ကျန်းမာရေးအာမခံမှတ်ပုံတင်ခြင်းနှင့် အလုပ်လုပ်ကိုင်ခွင့် (Work Permit) မှတ်ပုံတင်ခြင်းကို ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၃ ရက်အထိ တိုးမြှင့်ပေးခဲ့သည့် ကိစ္စ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ထိုင်းနိုင်ငံ အစိုးရတို့အကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာ သက်တမ်းတိုး ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံ အလုပ်သမားများ အလုပ်ခန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ် သက်တမ်းတိုး ဆောင်ရွက်နိုင်ရေး၊ ထိုင်းနိုင်ငံတွင် MoU စနစ်ဖြင့် အလုပ် လုပ်ကိုင်နေကြသော ပြည်ဝင်ခွင့်ဗီဇာ သက်တမ်းလေးနှစ်ပြည့်ပြီးဖြစ်သည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများကို ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း မြန်မာနိုင်ငံသို့ ပြန်လာရန် မလိုအပ်ဘဲ ထိုင်းနိုင်ငံအတွင်း၌သာ နိုင်ငံကူးလက်မှတ်နှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) ကိုင်ဆောင်ထားသူများကို သက်တမ်းတိုး အသစ်ထုတ်ပေးနိုင်ရေး၊ CI သက်တမ်းတိုး စခန်းများ ဖွင့်လှစ်နိုင်ရေး၊ တရားမဝင် အလုပ်သမားများကို တရားဝင်နေထိုင်အလုပ်လုပ်ကိုင်ခွင့်ရရှိအောင် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ MoU လုပ်ငန်းစဉ်များ ပြန်လည်စတင်နိုင်ရေးနှင့် ထိုင်းနိုင်ငံရောက် မြန်မာ အလုပ်သမားများ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ခွင့်များ အပြည့်အဝရရှိနိုင်ရေး စသည့် ကိစ္စရပ်များကို နှစ်နိုင်ငံ ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်ကုသ

**နေပြည်တော် ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံနှင့် ရွှေညောင်ဖူးတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များစေလွှတ်၍ ရောဂါ ဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*✻ ရွှေဖုံးမှ*

အဘယ်ကြောင့်ဆိုသော် ဒေသတွင်းမှ ပြည်သူများသည် ရေလမ်းတစ်ခုတည်းကိုသာ အားထားသွားလာနေရသောကြောင့် ဖြစ်သည်။

**လမ်းကွန်ရက်များ ဖောက်လုပ်**

ယခုအခါ ဧရာဝတီတိုင်းဒေသကြီးသည် ဖွံ့ဖြိုးဝေစည် ဧရာဝတီအဖြစ်သို့ ရောက်ရှိနေပြီဖြစ်သည်။ အကြောင်းကား ဧရာဝတီတိုင်းဒေသကြီးတွင် နိုင်ငံတော်က ရာသီမရွေးသွားလာနိုင်သော ကားလမ်းကွန်ရက်များ ဖောက်လုပ်ပေးလိုက်ခြင်းကြောင့် ဖြစ်သည်။ လမ်းကွန်ရက်များကို မူလက (၅) သွယ်ဖြင့် စခဲ့သော်လည်း ယခုအခါ (၁၁) သွယ်အထိ ဖြစ်လာခဲ့သည်။ ယင်းတို့မှာ မအူပင်-ရေလဲလေး - ရွှေတောင်မော် - ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း (၄၄ မိုင် ၆ ဖာလုံ)၊ မော်လမြိုင်ကျွန်း-လှိုင်ဘုန်း-သစ်ပုတ်ကွင်း-ပေါက်-ပြင်စလူလမ်း (၇၂ မိုင် ၃ ဖာလုံ)၊ လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း (၃၅ မိုင် ၂ ဖာလုံ)၊ လပွတ္တာ(ကျောက်ဖျာလေး)-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း (၅၅ မိုင် ၁ ဖာလုံ)၊ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း(၄၂ မိုင်)၊ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း (၃၈ မိုင် ၅ ဖာလုံ)၊ ဖျာပုံ - ကျုံကဒွန်း - ဒေါငြိမ်း - အမာလမ်း (၅၁ မိုင်)၊ ကျုံကဒွန်း-စက်ဆန်းလမ်း (၁၇ မိုင် ၆ ဖာလုံ)၊ ဂျက်ကာ-စိန်တောင်-မော်တင်စွန်းလမ်း (၉၅ မိုင်)၊ ဘိုကလေး-မော်လမြိုင်ကျွန်း - ကျုံမငေး - ဝါးခယ်မ-မြောင်းမြလမ်း (၂၂ မိုင် ၅ ဖာလုံ)၊ ပုသိမ်-ငပုတောလမ်း (၁၉ မိုင် ၅ ဖာလုံ) စုစုပေါင်း လမ်းကွန်ရက် (၁၁) သွယ်၊ မိုင်ပေါင်း (၄၉၄ မိုင် ၃ ဖာလုံ) တို့ဖြစ်သည်။

တံတားများကဏ္ဍတွင်လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်း ညောင်တုန်းတံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ ပုသိမ်တံတားအမှတ် (၁)၊ (၂)၊ မြောင်းမြတံတား၊ လေးမျက်နှာတံတား၊ ဝါးခယ်မတံတား၊ ရွှေသောင်ယံတံတား၊ ဝေါကဲတံတား စသည့် ပေ ၁၈၀ အထက် တံတားကြီး ၉၃ စင်း၊ ပေ ၁၈၀ အောက် ကွန်ကရစ်တံတား ၉၄၂ စင်း၊ ဘေလီတံတား ပေ ၁၈၀ အထက် ၄၄ စင်း၊ ပေ ၁၈၀ အောက် ၆၁ စင်း၊ သစ်သားတံတား ပေ ၁၈၀ အထက် ၉ စင်း၊ ပေ ၁၈၀ အောက် အစင်း ၅၀၊ ရေပြွန်/ရေကျော် တံတားပေ ၁၈၀ အောက် ၁၅၆၀ စင်းရှိပြီး တံတားစုစုပေါင်း ၂၇၅၉ စင်း တည်ဆောက်ပေးထားသည်။

**လမ်းမကြီး (၄)သွယ်**


ယင်းသို့ နိုင်ငံတော်က တည်ဆောက် ဖောက်လုပ်ပေးလိုက်သော လမ်းကွန်ရက်များ၊ တံတား စီမံကိန်းကြီးများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်း အလျားလိုက် လမ်းမကြီး (၄) သွယ်ဖြစ်သည့် ရန်ကုန်- ညောင်တုန်း- ဓနုဖြူ-ငါးသိုင်းချောင်း-ဂွ-သံတွဲ - တောင်ကုတ် - ဆနဲခမောင်း - တပ်တောင်း - အမ်း-မြောက်ဦး-ကျောက်တော်-ဘူးသီးတောင် - မောင်တော - စစ်တွေကားလမ်း၊ ပုသိမ်-ငါးသိုင်းချောင်း-ကွင်းကောက်-ဘက်ရဲ-ဥသျှစ်ပင်-ပဒန်း-ကံပြား-ကဇွန်းမ-မြိုင်-ဆားလင်းကြီး-မုံရွာကားလမ်း၊ ပုသိမ် - ရေကြည် - ကျုံပျော် - အထောင် - ဟသ်ာတ - အင်္ဂပူ-မြန်အောင် - ကြံခင်း - ဘက်ရဲကားလမ်း၊ ပုသိမ်-မော်တင်စွန်းကားလမ်းနှင့် ပြည်ထောင်စုစာရင်းဝင် ကန့်လန့်ဖြတ်လမ်းမကြီး(၉)သွယ်ဖြစ်သည့် ရန်ကုန်-ညောင်တုန်း - ဓနုဖြူ - ငါးသိုင်းချောင်း-ဂွ၊ ရန်ကုန်-ညောင်တုန်း-ပန်းတနော်-ဝါးခယ်မ-ကျုံမငေး-လပွတ္တာ၊ ရန်ကုန်-ညောင်တုန်း-ကျောင်းကုန်း-ပုသိမ်၊ ရန်ကုန်-ကျိုက်လတ်-မော်လမြိုင်ကျွန်း၊ ရန်ကုန် - ဒေးဒရဲ - ဖျာပုံ - ဘိုကလေး-ကျိုက်ပိ-မော်လမြိုင်ကျွန်း၊ ရန်ကုန်- ဒေးဒရဲ- ဖျာပုံ-ကျုံကဒွန်း- ဒေါညိမ်း- ဆိတ်မ-အမာ၊ ရန်ကုန်- တွံတေး- မအူပင်-မော်လမြိုင်ကျွန်း၊ ပုသိမ် - ငပုတော-လပွတ္တာ၊ ပုသိမ်-မြောင်းမြ-လပွတ္တာ၊ အလျားလိုက်နှင့် ကန့်လန့်ဖြတ်လမ်းမကြီးများနှင့် ဆက်သွယ်ပေါင်းဆုံပြီး ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံး ယခင်က ရေလမ်းခရီး မော်တော်စီး၍ သွားလာနေရသည့်ဘဝမှ ယခုအခါ ကားနှင့် ပတ်၍ရသည်အထိ တိုးတက်လျက်ရှိနေပြီဖြစ်သည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်- မုံရွာ- ရေဦးလမ်းမကြီး ဖောက်လုပ်ခြင်းနှင့် ရေနံမြေသစ်များ ရှာဖွေတွေ့ရှိခြင်း စသော စီမံကိန်းကြီးများသည်လည်း ဧရာဝတီတိုင်းအတွင်း နေထိုင်သူများအတွက် အားတက်သဖွယ်ဖြစ်ရသည်။ ၎င်းနောက် မြန်အောင်ရေနံမြေနှင့် ရွှေပြည်သာ ရေနံမြေများကို ရှာဖွေတွေ့ရှိသောအခါ "ရွှေမည်းကို မြေထဲက တူးဖော်နိုင်ပြီ" ဟု ကြွေးကြော်နိုင်ခဲ့သည်။

**စီမံကိန်းများ၏ အကျိုးဆက်**

ထို့နောက် ရန်ကုန်မြို့မှ အနောက်စူးစူးသို့ ထိုးထွက်လာသော အမှတ် (၅) ရန်ကုန်-ပုသိမ် အဝေးပြေး လမ်းမကြီးနှင့် တံတားကြီးများ၊ လမ်းကွန်ရက်များ၊ မြစ်ရေတင်စီမံကိန်းများ၊ ၎င်းစီမံကိန်းများ၏ အကျိုးဆက်ဖြစ်သော မိုးစပါး၊ နွေစပါးများ၊ တက္ကသိုလ်နှင့် ကောလိပ်များ၊ အဏ္ဏဝါသိပ္ပံသုတေသန ခတ်ခွဲခန်းများ၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများနှင့် မိုက်ခရိုဝေ့ဖ်စခန်းများ၊ ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများ၊ ပြည်တွင်း ဂြိုဟ်တုဆက်သွယ်ရေးစခန်းနှင့် ပြည်ပရေအောက်ကေဘယ်လ်စခန်းများ၊ တိုင်းဒေသကြီးအတွင်း ပေါ်ထွက်လာသော အပန်းဖြေစရာ ငွေဆောင်၊ ချောင်းသာတို့လို သဘာဝကမ်းခြေအလှအပများ၊ နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများနှင့် အခြား အခြားသော မွေးမြူရေး ကဏ္ဍ၊ သစ်တောကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍသစ် စသည်တို့ဖြင့် ဧရာဝတီတိုင်းဒေသကြီးသည် ယခုအခါ ဖွံ့ဖြိုးဝေစည်နေပြီဖြစ်သည်။

**ချမ်းမြေ့မောင်**



ပုသိမ် - ရန်ကုန် အဝေးပြေးလမ်းမကြီးကို တွေ့ရစဉ်။



ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆင်စီး၍လည်း ခရီးသွားနိုင်သည်ကို တွေ့ရစဉ်။



လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့် ဧရာဝတီတိုင်းဒေသကြီးမှ လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

# ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ သတင်းမီဒီယာများအား ရှင်းလင်း

**စစ်တွေ ဇူလိုင် ၅**

ရခိုင်ပြည်နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ သတင်းမီဒီယာများအား ရှင်းလင်းပွဲကို ယနေ့ညနေပိုင်းက ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲသို့ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းပြန်ကြားရေးတာဝန်ခံ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကြည်လွင်၊ ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး( စီမံ) ဒေါက်တာ ထွန်းထွန်းသိန်း၊ စစ်တွေမြို့အခြေစိုက် သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။

ရခိုင်ပြည်နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်ပြီး သတင်းမီဒီယာများက ရခိုင်ပြည်နယ်အတွင်း ကိုဗစ်ရောဂါပိုးတွေ့ရှိမှုအခြေအနေ၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီမှ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ ယာယီပိတ်ထားမည့်အခြေအနေ၊ အခြေခံပညာကျောင်းများတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ပညာသင်ကြားနေမှု၊ ပြည်နယ်အတွင်းရှိ မြို့နယ်ဆေးရုံများတွင် ကိုဗစ်–၁၉ ရောဂါအတည်ပြုလူနာများ တက်ရောက်နေမှု၊ ဆေးဝါးကုသနေမှု၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြည်သူများ လိုက်နာဆောင်ရွက်မှု အခြေအနေ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ ကိုဗစ်– ၁၉ ရောဂါကာကွယ်ရေးအတွက် ခရီးသွားပြည်သူများနှင့် ဝန်ဆောင်မှုပေးထားသည့် တာဝန်ရှိသူများ လိုက်နာဆောင်ရွက်ရမည့် အခြေအနေများကို မေးမြန်းကြသည်။



မေးမြန်းချက်များအပေါ် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းပြန်ကြားရေးတာဝန်ခံ၊ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးနှင့် ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးတို့က ပြန်လည်ဖြေကြားကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ကွန်ပျူတာတက္ကသိုလ်(ပြည်)၌ လူ ၁၀၀ ဆံ့ Quarantine Center ထားရှိရန် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၅**

အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ Coronavirus Disease 2019 (COVID – 19) ရောဂါ ကာကွယ်နိုင်ရေးနှင့် ကူးစက်ပြန့်ပွားမှုကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်နေသည့်ကာလအတွင်း COVID–19 ရောဂါ သံသယလူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာသစ်များ ထားရှိရန်အတွက် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ကွန်ပျူတာတက္ကသိုလ် (ပြည်) ၌ လူ ၁၀၀ ဆံ့ COVID – 19 Quarantine Center ထားရှိရန် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၊ ပြည်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ (ဝဲပုံ)

ထိုသို့ ဆောင်ရွက်ရာတွင် နယ်မြေခံတပ်မတော်သားများက အဆောက်အအုံ အတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရန် ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်းများအား ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုက်ကြီးမြို့နယ် အဖျောက်မြို့၊ ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်နှင့် မအူပင်ခရိုင်များအတွင်းရှိ မြို့များ၌ နှာခေါင်းစည်းများ လှူဒါန်း

**နေပြည်တော် ဇူလိုင် ၅**

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019(COVID–19) ရောဂါကာကွယ်ရေး အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ အခြေခံပညာအထက်တန်းကျောင်း (အဖျောက်) ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက နှာခေါင်းစည်း ၇၀၀ ကို သွားရောက်ပေးဝေလှူဒါန်းသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့၊ ကျုံပျော်မြို့၊ သာပေါင်းမြို့၊ ဟင်္သာတခရိုင် ဟင်္သာတမြို့၊ မအူပင်ခရိုင် မအူပင်မြို့နှင့် ပန်းတနော် မြို့များရှိ လူစည်ကားရာ ဘုရားစေတီများ၊ ဈေးများ၊ လမ်းများ၌ ဒေသခံပြည်သူများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများက နှာခေါင်းစည်း ၂၀၁၀၀ ကို ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် အခမဲ့သွားရောက်ပေးဝေ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

**သတင်းစဉ်**




ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကိုရိုနာဗိုင်းရပ်စ် (COVID – 19) ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ

ကိုရိုနာဗိုင်းရပ်စ် (COVID–19)ရောဂါဖြစ်ပွားလျှင် ရောဂါပြင်းထန်သည့်လူနာ (၂၀%) ခန့်သည် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူရန်လိုအပ်ပြီး အဆိုပါ (၂၀%)တွင် (၅%)ခန့်သည် အထူးကြပ်မတ်ကုသမှုခံယူရပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

**နောက်ဆက်တွဲ ရေရှည်ဆိုးကျိုးများအနေဖြင့် –**

- နှလုံးကြွက်သားများထိခိုက်ပျက်စီးပြီး နှလုံးကောင်းစွာအလုပ်မလုပ်နိုင်တော့ခြင်းနှင့် အခြားနှလုံးရောဂါများ ခံစားလာရနိုင်ခြင်း၊
- အဆုတ်အတွင်းရှိ လေအိတ်ငယ်များကိုပျက်စီးစေပြီး အဆုတ်တွင် အမာရွက်များကျန်ခဲ့၍ နောက်ဆက်တွဲ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောရောဂါများဖြစ်သော လေဖြတ်ရောဂါ၊ အတက်ရောဂါ၊ ယာယီအကြောသေရောဂါ(Guillain–Barre syndrome) များ ဖြစ်ပွားခြင်းနှင့် ပါကင်စန်ရောဂါ (Parkinson )နှင့် အယ်ဇိုင်းမား (Alzheimer) ရောဂါများ ဖြစ်ပွားနိုင်ခြေမြင့်တက်ခြင်း၊
- ခန္ဓာကိုယ်ရှိ သွေးကြောများအတွင်း သွေးခဲခြင်းများဖြစ်ပေါ်၍ ဦးနှောက်သွေးခဲခြင်း၊ နှလုံးသွေးကြောများပိတ်ခြင်း၊ ခြေထောက်သွေးပြန်ကြောများပိတ်ခြင်း (Deep Vein Thrombosis) တို့အပြင် အသည်းနှင့်ကျောက်ကပ်ရောဂါများ ဖြစ်ပွားခြင်း၊
- ရောဂါများပြန်လည်သက်သာလာသော်လည်း အထူးကြပ်မတ်ကုသဆောင်တွင် ကာလရှည်ကြာ ကုသမှုခံယူခဲ့ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်စိတ်များခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။
- သက်ကြီးဘိုးဘွားများနှင့် နာတာရှည်ရောဂါရှိသူများတွင် အလွန်အမင်းမောပန်းခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း စသည့် ရောဂါလက္ခဏာများကို ပိုမိုပြင်းထန်စွာ ကာလရှည်ကြာ ခံစားရနိုင်ပါသည်။

❈ *ကျောဖုံးမှ*

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၅-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၂၇၁) ခု | (၂၇၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၉) ခု | (၃၉) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၇၂) ခု | (၆၈) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၁၄) ခု | (၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂၉၀) ခု | (၆၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၉၈) ခု | (၅၃၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၅၁၀) ခု | (၁,၉၈၁) ဦး |
| စုစုပေါင်း | (၁၁,၀၂၄) ခု | (၂,၉၆၉) ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်း ပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်း အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ရောဂါကာကွယ်ရေး ပစ္စည်းများ လွယ်ကူချောမွေ့စွာ တင်သွင်းနိုင်ရေးနှင့် ပြည်တွင်းဈေးကွက်၌ ဈေးကစားမှုများ ထိန်းချုပ်စီမံဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇူလိုင် ၅**

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ရောဂါကာကွယ်ရေး ပစ္စည်းများ လွယ်ကူချောမွေ့စွာ တင်သွင်းနိုင်ရေးနှင့် ပြည်တွင်း ဈေးကွက်၌ ဈေးကစားမှုများ ထိန်းချုပ်စီမံ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ဝန်ကြီးရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

အစည်းအဝေးသို့ ကုန်စည် ကူးသန်းရေးတွင် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ အမြဲတမ်းအတွင်းဝန်၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာန ဆိုင်ရာများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု Third wave ကူးစက်မှုနှုန်း မြင့်တက်လာခြင်းနှင့်အတူ ရောဂါကာကွယ်ရေး ပစ္စည်းဈေးနှုန်းများ မြင့်တက်မှု မရှိစေရေး၊ ဈေးကွက်အတွင်း ဈေးကစားမှုများ မရှိစေရေး၊ တင်သွင်းမှု လွယ်ကူလျင်မြန် ချောမွေ့စေရေးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေး ရောဂါကာကွယ်ရေးသုံး ပစ္စည်းများကို အရေးကြီး ကုန်စည်အဖြစ် သတ်မှတ်၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကာ ဈေးကွက်အတွင်း ဈေးနှုန်း အဆမတန်မြင့်တင် ရောင်းချမှု မရှိစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် စစ်ဆေးဆောင်ရွက် လျက်ရှိပြီး စစ်ဆေးတွေ့ရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဈေးကွက် အတွင်း အဓိကလိုအပ်လျက်ရှိသော Face Mask နှင့် အောက်ဆီဂျင်ဘူးများကို အမြန်ဆုံး တင်သွင်း ဖြည့်ဆည်းနိုင်ရေး ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည့်အတွက် စိုးရိမ်ပူပန်မှုမရှိစေရေး ပြည်သူများသို့ အသိပေးသွားရန် ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*ကျောဖုံးမှ* ❍

ချီလီနီ၊ ဘိုနူချီ၊ အစ်ဆစ်ဂ်နီ၊ အင်မိုဘီလီ စသည့် ကစားသမားများ ခြေစွမ်းပြသထားနိုင်သည်ကို တွေ့ရသည်။ အထူးသဖြင့် ပြီးခဲ့သည့် ဘယ်လ်ဂျီယံအသင်းနှင့် ပွဲစဉ်တွင် အသင်းလိုက် စွမ်းဆောင်ရည် ကောင်းမွန်ခဲ့သည်ကို တွေ့ရသည်။ အီတလီနည်းပြ မန်စီနီသည် ၁၉၈၄ ခုနှစ် ဟီဒဲလ်ဂို နောက်ပိုင်း ယူရိုချန်ပီယံရှစ်ပြိုင်ပွဲတွင် ပထမဆုံး ကိုင်တွယ်သည့် ငါးပွဲတွင် ငါးပွဲစလုံး အနိုင်ရရှိခဲ့သည့် မှတ်တမ်းကို တစ်ကျော့ပြန်စွမ်းဆောင်နိုင်ခဲ့သူအဖြစ် မှတ်တမ်းတင်ထားသည်။

ပြိုင်ဘက် စပိန်အသင်းက ယူရိုပြိုင်ပွဲတွင် ငါးပွဲကစားထားရာ နှစ်ပွဲသာ နိုင်ပွဲရရှိထားပြီး သုံးပွဲသရေကျထားသောကြောင့် အသင်းလိုက်စုဖွဲ့မှုအားနည်းနေသည်ဟု ဆိုနိုင်သည်။ ထို့အပြင် ပြီးခဲ့သည့် ဆွစ်ဇာလန်အသင်းနှင့်ပွဲစဉ်တွင် ထိရောက်သည့် ဂိုးကန်သွင်းခွင့်များ ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့သည်ကို တွေ့ရသည်။ အီတလီအသင်းနှင့် စပိန်အသင်းတို့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှုမှာ ၂၀၁၇ ခုနှစ်ကဖြစ်ပြီး စပိန်အသင်းက သုံးဂိုးပြတ် အနိုင်ရရှိထားသည်။ သို့သော်လည်း ယူရိုပြိုင်ပွဲတွင် အဆုံးသတ်ပိုင်းအားနည်းသည့် စပိန်အသင်းအနေဖြင့် ပုံစံကောင်းရရှိနေသည့် အီတလီအသင်းကို အနိုင်ရရှိသွားမလား စိတ်ဝင်စားဖွယ်ရာ ဖြစ်သည်။

အီတလီအသင်းမှ စပင်နာဇိုလာအနေဖြင့် ယနေ့ပွဲစဉ်ကို ဒဏ်ရာကြောင့် ပါဝင်လာနိုင်ဖွယ်မရှိသလို စပိန်အသင်းမှ ဆာရာဘီယာသည်လည်း ဒဏ်ရာကြောင့် ပါဝင်လာနိုင်ဖွယ် မရှိချေ။ သို့သော်လည်း အီတလီအသင်းရော စပိန်အသင်းပါ ယူရိုပြိုင်ပွဲတွင် အောင်မြင်မှုနှင့် ဝေးကွာနေသည့်အတွက် ယနေ့ပွဲစဉ်ကို ရလဒ်ကောင်းရရှိရန် အတော်င်းဆုံးပုံစံဖြင့် ပွဲထွက်လာကာ နောက်တစ်ဆင့်တက်ရောက်နိုင်ရေး အကောင်းဆုံးကြိုးစားလာဖွယ်ရှိနေသည်။

လက်ရှိ ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့် (၆) နှင့် (၇) နေရာတို့တွင် ရပ်တည်နေသည့် အသင်းနှစ်သင်း ဆုံတွေ့နေသည့်အတွက်လည်း ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲ ဖြစ်လာဖွယ်ရှိနေသည်။ ထို့ကြောင့် မည်သည့်အသင်းက ရလဒ်ကောင်းရရှိကာ ယူရို ၂၀၂၀ ပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်လှမ်းသွားမလဲ ဆိုသည်ကို ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် အဆုံးအဖြတ်ပေးသွားတော့မည်ဖြစ်သည်။ **အောင်ဇော်**

# ရွှေကူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင်အသုံးပြုရန် ဆေးရုံသုံးပစ္စည်းများလှူဒါန်း

**ရွှေကူ ဇူလိုင် ၅**

ကချင်ပြည်နယ် ရွှေကူမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ အသုံးပြုနိုင်ရေး အတွက် ရောဂါကာကွယ်ရေး ဝတ်စုံနှင့် ဆေးရုံသုံးပစ္စည်းများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီအဖွဲ့က ယနေ့နံနက် ၉ နာရီတွင် ရွှေကူမြို့နယ်လုံးဆိုင်ရာ နာရေး ကူညီမှုအသင်းနှင့် ပြည်သူ့ဆေးရုံသို့ ပေးအပ်လှူဒါန်းသည်။

ရွှေကူမြို့နယ် အတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းနှင့် မြို့နယ်စီမံ အုပ်ချုပ်ရေး အဖွဲ့ဝင်(၁)ဗိုလ်မှူး ကျော်မိုးသွင်တို့က ရွှေကူမြို့နယ် လုံးဆိုင်ရာနာရေး ကူညီမှုအသင်း ထံ အဆင့်(၃) ရောဂါကာကွယ် ရေးဝတ်စုံ ၃၀ ပေးအပ်လှူဒါန်း ရာ အသင်းမှ တာဝန်ရှိသူများက လက်ခံရယူသည်။ ဆက်လက်၍ နွယ်ရိုး အလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီမှ ပေးအပ်လှူဒါန်းသော သွေးတွင်း အောက်ဆီဂျင်တိုင်း ကိရိယာနှစ်ခုနှင့် သွေးပေါင်ချိန် တိုင်းစက်တစ်ခုတို့ကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌက မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ စိုင်းထွန်းထံ ကုမ္ပဏီကိုယ်စား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၂၁) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

၂၀၂၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်းများ၌ ကျင်းပသည်။

ဘောလုံးပြိုင်ပွဲများသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ယနေ့ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်း (၁) တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက နှစ်ဂိုး-တစ်ဂိုး ဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၃)တွင် မကွေးတိုင်းဒေသကြီး အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေး တိုင်းဒေသကြီးအသင်းက သုံးဂိုး-တစ်ဂိုး ဖြင့်လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း (၁) တွင် ကရင် ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက သုံးဂိုး-ဂိုးမရှိ ဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်း (၃) တွင် မန္တလေးတိုင်းဒေသကြီးအသင်း နှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသ ကြီးအသင်းက လေးဂိုး-ဂိုးမရှိ ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိ ကြသည်။

ဇူလိုင် ၆ ရက်တွင် ပြိုင်ပွဲများရပ်နားပြီး ဇူလိုင် ၇ ရက်တွင် ဆီမီး ဖိုင်နယ်ပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်း ဒေသကြီးအသင်း၊ မွန်းလွဲ ၃ နာရီ တွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစား ကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကာ ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) ရုပ်သံလိုင်းနှင့် (MRTV Sport Channel) တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများ အနေဖြင့် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းအတွင်းသို့ အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ် ရွှေကူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကို လက်နက်ကိုင်သောင်းကျန်းသူများက လက်နက်ကြီး လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဇူလိုင် ၅**

ကချင်ပြည်နယ် ရွှေကူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကို လက်နက်ကိုင် သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၄ ရက် ည ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် ရွှေကူမြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကို လက်နက်ကိုင်သောင်းကျန်းသူများက ရဲတပ်ဖွဲ့မှူးရုံး၏ အရှေ့ဘက်နှင့် တောင်ဘက်တို့မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ည ၁၁ နာရီ ၂၅ မိနစ်တွင် လက်နက်ကိုင်သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ထိတွေ့မှုဖြစ်စဉ် အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ရွှေကူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လက်နက်ကိုင် သောင်းကျန်းသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကသာ၌ ရေဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြေနိမ့်ပိုင်းနေသူများ ကုန်းမြင့်ရာသို့ရွှေ့ပြောင်း

**ကသာ ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာ မြို့နယ် ကျောက်ထုံးကြီးအုပ်စု လက်ပံဇင်ကျေးရွာ မြစ်အတွင်းရှိ ရေလယ်ကျွန်းတွင် ဧရာဝတီမြစ် ရေဝင်ရောက်လာ၍ ရေဘေး အန္တရာယ်ကင်းရှင်းရေး ကုန်းမြင့် ရှိရာသို့ ဇူလိုင် ၅ ရက် နံနက်ပိုင်းက နေအိမ်များ၊ အိမ်မွေးတိရစ္ဆာန် များ ရွှေ့ပြောင်းခြင်းများ ပြုလုပ် လျက်ရှိကြောင်း သိရသည်။

ထိုသို့ ရွှေ့ပြောင်းရာသို့ ကသာမြို့နယ် ကျောက်ထုံး ကြီးနယ်မြေ မီးသတ်စခန်းမှ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၂ဦး၊ ဒေသခံများ သွားရောက်၍ ပိုင်ရှင် ဦးဇော်မျိုးလွင်၏ နွား ၁၀ကောင်၊ မြင်းနှစ်ကောင်နှင့် ပိုင်ရှင် ဦးဇော်၏ နွားခြောက် ကောင်တို့ကို ကျောက်ထုံးကြီး ကျေးရွာသို့ ရွှေ့ပြောင်းပေးခြင်း လုပ်ငန်းများ ကူညီဆောင်ရွက် ပေးခဲ့ကြောင်း၊ ဆက်လက်၍ ရွှေ့ပြောင်းပေးရမည့် နေရာများ လည်းရှိကြောင်း နယ်မြေခံ မီးသတ်စခန်းမှ လက်ထောက် မီးသတ်ဦးစီးမှူး ဦးညီညီထွန်းက ပြောသည် ။

ကသာမြို့နယ်၏ စိုးရိမ် ရေမှတ်မှာ ၁၀၄၀ စင်တီမီတာ ဖြစ်ပြီး ဇူလိုင် ၅ ရက် နံနက် ၆ နာရီခွဲတွင် ဧရာဝတီမြစ်ရေသည် ၈၇၂ စင်တီမီတာဖြစ်ကာ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်မှာ ၈၈၀ စင်တီမီတာ မြင့်တက်လာ သဖြင့် ကမ်းပါးပြိုခြင်း မြေနိမ့်၍ မြစ်ရေဝင်သော နေအိမ်များရှိ မိသားစုဝင်များနှင့် ကျွဲ၊ နွား တိရစ္ဆာန်များကို စက်လှေများ၊ အကူအညီများဖြင့် ကုန်းမြင့် ရာသို့ ရွှေ့ပြောင်းနေရကြောင်း သိရသည် ။ **ငွေအိုး(ကသာ)**





# ထိုင်းနိုင်ငံတွင် ဓာတုစက်ရုံပေါက်ကွဲမှုဖြစ်စဉ်ကြောင့် လူ ၂၀ ထက်မနည်းဒဏ်ရာရ

**ဘန်ကောက် ဇူလိုင် ၅**
သုဝဏ္ဏဘူမိလေဆိပ်အနီးရှိ ဓာတုစက်ရုံတစ်ရုံတွင် ဇူလိုင် ၅ ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီး မီးလောင်မှုဖြစ်ပွားမှုကြောင့် ၂၀ ထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ဒေသစံတော်ချိန် ၃ နာရီဝန်းကျင်တွင် အင်အားပြင်းထန်သည့် ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ပြီး စမွတ်ဖရာကန်ခရိုင်ရှိ ပလတ်စတစ်ရေမြှုပ်ထုတ်လုပ်ရေးစက်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။

ဓာတုဗေဒပစ္စည်း တန် ၂၀ သိုလှောင်ထားရာ စက်ရုံမှစတင်၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သံသယရှိသည်။ ပေါက်ကွဲမှုအရှိန်ကြောင့် စက်ရုံအတွင်း လုပ်သားများနှင့် အနီးရှိဒေသခံအပါအဝင် လူ ၂၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အနီးရှိစက်ရုံ ၁၀ ရုံ ထိခိုက်ပျက်စီးခဲ့ရသည်။

အဆိုပါစက်ရုံနှင့် ၅ ကီလိုမီတာ အချင်းဝက်အတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ဒေသခံများကို နေရာရွှေ့ပြောင်းမှုများပြုလုပ်ရန် အမိန့်ထုတ်ထားသည်။ မီးလောင်မှုကိုလည်း ငြိမ်းသတ်နိုင်ခဲ့ပြီးဖြစ်သည်။ သို့သော်လည်း ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းနှင့် ပျက်စီးဆုံးရှုံးမှုများကိုမူ စုံစမ်းစစ်ဆေးမှု မစတင်ရသေးချေ။

**ဆင်ဟွာ**


ဓာတုစက်ရုံပေါက်ကွဲမှုကြောင့် မီးလောင်မှုကို တွေ့ရစဉ်။

# ဖိလစ်ပိုင်နိုင်ငံ၌ စစ်ဘက်သုံးလေယာဉ်ပျက်ကျရာ ၅၀ ထက်မနည်း သေဆုံး

**မနီလာ ဇူလိုင် ၅**
ဖိလစ်ပိုင်နိုင်ငံတွင် လေတပ်သယ်ယူပို့ဆောင်ရေး လေယာဉ် ဂျိုလိုကျွန်းတွင် ဆင်းသက်ရန် ကြိုးပမ်းနေစဉ်အတွင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ လူ ၅၀ သေဆုံးခဲ့သည်ဟု သိရသည်။

C-130 လေယာဉ်မှာ ကျွန်းပေါ်ရှိ လေဆိပ် လေယာဉ်ပြေးလမ်းနှင့် လွဲချော်မှုဖြစ်ပွားခဲ့ပြီး ကီလိုမီတာအနည်းငယ်အကွာရှိ တောင်ကုန်းကို ဝင်တိုက်မိသွားသည်ဟု အမျိုးသားကာကွယ်ရေးဌာနက ပြောကြားသည်။


လေယာဉ်ပျက်ကျရာနေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

လေယာဉ်ပေါ်တွင် လေယာဉ် အမှုထမ်းများနှင့် တပ်ဖွဲ့ဝင်များ အပါအဝင် လူပေါင်း ၉၀ လိုက်ပါလာခဲ့သည်။ ဂျိုလိုကျွန်းနှင့် အနီးအနားရှိကျွန်းများမှာ အစ္စလာမ္မစ်စစ်သွေးကြွ အုပ်စုဖြစ်သည့် အဘူဆေယက်အုပ်စု လွှမ်းမိုးမှုအောက်တွင် ရောက်ရှိနေသည်။

လေယာဉ် ပေါ်တွင်လိုက်ပါလာသည့် တပ်ဖွဲ့ဝင်များမှာ သူပုန်များကိုနှိမ်နင်းရေး တန်ပြန်စစ်ဆင်ရေးတွင် ပူးပေါင်းပါဝင်ရန် လိုက်ပါလာကြသူများ ဖြစ်ကြသည်။

**အင်အိတ်ချ်ကေ**

# နယူးဇီလန်နိုင်ငံသို့ ဖိုက်ဇာ ကိုဗစ် - ၁၉ ကာကွယ်ဆေး အများဆုံးပေးပို့မှု နှစ်ရက်စော၍ ရောက်ရှိ

**ဝယ်လ်လင်တန် ဇူလိုင် ၅**
နယူးဇီလန်နိုင်ငံသို့ ဖိုက်ဇာ ကိုဗစ် -၁၉ ကာကွယ်ဆေး အများဆုံးပေးပို့မှု နှစ်ရက်စော၍ ရောက်ရှိလာသည်ဟု သိရသည်။

ယင်းအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ဖိုက်ဇာကုမ္ပဏီနှင့် ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီတို့ကို ကျေးဇူးတင်ကြောင်း ကိုဗစ်-၁၉ တုံ့ပြန်ရေးဆိုင်ရာဝန်ကြီး ခရစ် ဟစ်ပ်ကင် က ဇူလိုင် ၅ ရက်တွင် ပြောကြားခဲ့သည်။

ဖိုက်ဇာကိုဗစ် -၁၉ ကာကွယ်ဆေး ၁၅၀၀၀၀ ကို ဇူလိုင် ၄ ရက်တွင် နယူးဇီလန်နိုင်ငံက လက်ခံရရှိခဲ့သည်။

အဆိုပါ ကာကွယ်ဆေးများကို အောက်ကလန်လေဆိပ်မှ ထိန်းသိမ်းသိုလှောင်မည့် စင်တာများသို့ ပေးပို့ခဲ့ကြောင်း သိရသည်။ ကာကွယ်ဆေးများကို လေယာဉ်ပေါ်တွင် သယ်ဆောင်လာစဉ်အတွင်း ဆေးအာနိသင်ပျက်ပြယ်မှု မရှိစေရေးအတွက် အနိမ့်ဆုံးအပူချိန်ဖြင့် သေချာစွာ သယ်ဆောင်လာခဲ့ကြောင်း ဟစ်ပ်ကင်က ပြောသည်။

လာမည့် သီတင်းပတ်များအတွင်း ကိုဗစ် -၁၉ ကာကွယ်ဆေး အရှိန်အဟုန်ဖြင့်ထိုးနှံပေးမှုများ စတင်တော့မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**



နယူးဇီလန်သို့ပေးပို့လိုက်သည့် ကိုဗစ်- ၁၉ ကာကွယ်ဆေးများကို သယ်ယူနေစဉ်။

# အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ် -၁၉ကြောင့် သေဆုံးသူစံချိန်တင်များပြား

**ဂျကာတာ ဇူလိုင် ၅**
အင်ဒိုနီးရှားနိုင်ငံတွင် ဇူလိုင် ၄ ရက်က ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ ၅၅၅ ဦးရှိခဲ့ပြီး တိုင်းပြည်၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ နောက်ထပ်လူနာသစ်များနှင့် ဝန်ပိလျှက်ရှိသည်။

ဇူလိုင် ၄ ရက်တွင် နောက်ထပ်ကူးစက်ခံရသူအရေအတွက်မှာ ၂၇,၂၃၃ ဦးရှိသည်ဟု အင်ဒိုနီးရှားကျန်းမာရေးအာဏာပိုင်များက ပြောသည်။ ယင်းကဲ့သို့ ကူးစက်မှုများပြားလာရခြင်းမှာ အိန္ဒိယတွင် ပထမဆုံးတွေ့ရှိရသည့် ဗီဇပြောင်း ဒယ်လ်တာကူးစက်မှုကြောင့် တစ်စိတ်တစ်ပိုင်းပါဝင်သည်ဟုလည်း သိရသည်။

မြို့တော်ဂျကာတာမှာ ကူးစက်မှုဒဏ်ကို အဆိုးရွားဆုံးခံစားနေရသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်းကြီးကလည်း အင်ဒိုနီးရှားနိုင်ငံသည် ဒယ်လ်တာကြောင့် ဆိုးရွားသည့် ကပ်ဘေးထဲ ကျလုနီးနီးရှိလာသည်ဟု ပြောကြားခဲ့သည်။

ဂျာဗားကျွန်းအလယ်ပိုင်းတွင်ဆေးရုံတက် ကိုဗစ် -၁၉ လူနာ ၆၃ ဦး ဇူလိုင် ၄ ရက်က သေဆုံးခဲ့ပြီး အောက်ဆီဂျင်ပြတ်တောက်မှုကြောင့် စိုးရိမ်ရသည့်အခြေအနေဖြစ်ပေါ်လာနိုင်သည်ဟုဆိုကာ အဆိုပါဆေးရုံက အင်ဒိုနီးရှားအစိုးရထံ အကူအညီတောင်းခံခဲ့သည်။ ဆေးဘက်သုံးအောက်ဆီဂျင်လိုအပ်ချက်မှာ တစ်နိုင်ငံလုံးအနှံ့ ငါးဆမြင့်မားလာသည်ဟု အင်ဒိုနီးရှားအစိုးရအရာရှိများက ပြောသည်။

အောက်ဆီဂျင်လိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်ရေးအတွက်စက်ရုံများမှ ဆေးဘက်သုံးအောက်ဆီဂျင်ကို ဦးစားပေးထုတ်လုပ်ပေးကြရန်လည်း အစိုးရအရာရှိများက တောင်းဆိုထားသည်။ အင်ဒိုနီးရှားနိုင်ငံတွင်လည်ပတ်နေသည့် ဂျပန်ကုမ္ပဏီများမှ ဝန်ထမ်းများကိုလည်း နေရပ်သို့ပြန်နိုင်ရေးဆောင်ရွက်ပေးနေပြီဟု သိရသည်။ **အင်န်အိတ်ချ်ကေ**

# အစ္စရေးနိုင်ငံတွင် ဆယ်ကျော်သက် တစ်သိန်းကို ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးပြီးပြီဟု အစ္စရေးဝန်ကြီးချုပ်ပြော

**ဂျေရုဆလင် ဇူလိုင် ၅**
နိုင်ငံအတွင်းဆယ်ကျော်သက် တစ်သိန်းကို အနည်းဆုံးတစ်ကြိမ် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နက်ဖ်တလီဘန်းနက်က ပြောသည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်း အသက် ၁၂ နှစ်နှင့် ၁၆ နှစ်ကြား ဆယ်ကျော်သက်များကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးရန် အကြောင်းကြားခဲ့ပြီး ယခုအခါဆယ်ကျော်သက် တစ်သိန်းကို ပထမအကြိမ် ကာကွယ်ဆေးထိုးပြီးကြောင်း ကြေညာရသည့်အတွက် ကျေနပ်မိကြောင်း မစ္စတာ ဘန်းနက်က ယခုသီတင်းပတ်အတွင်းပြုလုပ်သည့် အစိုးရအဖွဲ့အစည်းအဝေးတွင် ပြောကြားခဲ့သည်။

တိုင်းပြည်အတွင်း ရရှိထားသည့် ဖိုက်ဇာကာကွယ်ဆေးများ သက်တမ်းမလွန်မီ ဆယ်ကျော်သက်များကို ကာကွယ်ဆေးထိုးပေးမှု စတင်နိုင်ခဲ့သည်ဟု အစ္စရေးဝန်ကြီးချုပ်က အစည်းအဝေးတွင် ပြောကြားခဲ့သည်။ နောက်ထပ်ဆယ်ကျော်သက်များလည်းကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် ၎င်းက တိုက်တွန်းပြောကြားခဲ့သည်။ **ဆင်ဟွာ**

# အာရှ-ပစိဖိတ်နိုင်ငံများ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တိုးနေချိန် ထိုင်းဝန်ကြီးချုပ် ကိုဗစ်-၁၉ ဖြစ်နေသည့် စီးပွားရေးလုပ်ငန်းရှင်နှင့်ထိတွေ့ပြီးနောက် ကိုဗစ်သီးသန့်ကန့်သတ်စောင့်ကြည့်မှု ပြုလုပ်

ဟောင်ကောင် ဇူလိုင် ၅

**အာရှ - ပစိဖိတ်နိုင်ငံများ၌ ဇူလိုင် ၅ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဆက်လက်တိုးနေသည်။**



ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ။

## ထိုင်း

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် ထိတွေ့မိပြီးနောက် ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာကို ကိုဗစ်-၁၉ သီးသန့်ကန့်သတ်စောင့်ကြည့်မှု ပြုလုပ်ရာနေရာသို့ ပို့ဆောင်ခဲ့ကြောင်း ထိုင်းတာဝန်ရှိသူများက ပြောသည်။

## မလေးရှား

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၃၈၇ ဦးတိုးလာကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၈၅၀၃၉ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ကူးစက်ဖြစ်ပွားသူများအနက် ၂၆ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ကာ ၆၃၆၁ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဟီရှန် အဗ္ဗဒူလာက သတင်းထုတ်ပြန်ချက်တွင် ပြောကြားသည်။

## ဘင်္ဂလားဒေ့ရှ်

ဘင်္ဂလားဒေ့ရှ်အစိုးရသည် နိုင်ငံတစ်ဝန်း တင်းကျပ်သည့် ကိုဗစ်-၁၉ အလုံပိတ်ကန့်သတ်ပိတ်ဆို့မှုကို ဇူလိုင် ၁၄ ရက်အထိ နောက်ထပ် ခုနစ်ရက် ထပ်မံသက်တမ်းတိုးလိုက်ကြောင်း ကြေညာချက်ထုတ်ပြန်သည်။

## ဖီဂျီ

ဖီဂျီနိုင်ငံ၌ ၃၅၂ ဦး ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားကြောင်း ဖော်ပြမှုနှင့်အတူ သုံးဦးထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၅၁၃ ဦးရှိလာပြီး သေဆုံးသူ ၃၃ ဦးရှိလာခဲ့သည်။

## ဖိလစ်ပိုင်

ဖိလစ်ပိုင်ကျန်းမာရေးဌာနက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၃၉၂ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုကူးစက်ဖြစ်ပွားသူ ၁၄၄၁၇၄၆ ဦး ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၃ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၂၅၁၉၂ ဦး ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ဖော်ပြသည်။ ထို့အပြင် ဓာတ်ခွဲခန်း ၁၀ ခုက အစီရင်ခံစာများပေးပို့ရန် ပျက်ကွက်ခဲ့ကြောင်းလည်း သိရသည်။




အိန္ဒိယနိုင်ငံ အာမီဒါဘတ်ရှိ ကာကွယ်ဆေးထိုးနေရာတစ်ခုတွင် တာဝန်ရှိသူတစ်ဦးက ကာကွယ်ဆေးထိုးမည့် ပြည်သူများကို ကြီးကြပ်ပေးနေစဉ်။

## ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံအတည်ပြုကူးစက်ဖြစ်ပွားသူ ၈၉၆ ဦး တိုးလာခဲ့သောကြောင့် ယခုအခါတွင် နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၅၅၁၈၇ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြလိုက်သည်။ ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ လူနာများအနက် ၆၈၆ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး ၂၁၀ မှာ ပြည်ပကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ဖော်ပြသည်။

## သြစတြေးလျ

သြစတြေးလျပြည်နယ်တစ်ခုဖြစ်သော နယူးဆောက်ဝေးလ်ပြည်နယ်ရှိ ကျန်းမာရေးအာဏာပိုင်များက ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာခြင်းသည် သီတင်းပတ် နှစ်ပတ်ကြာ အလုံပိတ်ကန့်သတ်ပိတ်ဆို့မှုကို ဖယ်ရှားနိုင်မည့် အဓိကသော့ချက်တစ်ခုဖြစ်ကြောင်း ပြောသည်။

## ပါကစ္စတန်

ပါကစ္စတန်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၃၄၇ ဦး ရှိလာကြောင်း အမျိုးသားထိန်းချုပ်ကွပ်ကဲရေးနှင့် စစ်ဆင်ရေးဌာနက ဖော်ပြလိုက်သည်။ ယခုအခါတွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၆၃၆၆၀ တိုးလာသည်။

## အိန္ဒိယ

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ လွန်ခဲ့သော ၂၄ နာရီက ၃၉၇၉၆ ဦးရှိလာကြောင်း မှတ်တမ်းတင်ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၀၅၈၅၂၂၉ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။ ထို့အပြင် ဇူလိုင် ၄ ရက် နံနက်ပိုင်းအထိ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၇၂၃ ဦး ရှိခဲ့သောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၀၂၇၂၈ ဦး ရှိလာခဲ့သည်။

အိန္ဒိယမြို့တော်အာဏာပိုင်များက ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်မှုဖြင့် နာမည်ကြီးဈေးဖြစ်သော လာဗပတ်နာဂါဈေးကို ပိတ်လိုက်ကြောင်း ပြောသည်။

## တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံ၌ ဇူလိုင် ၄ ရက် ညသန်းခေါင်အချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၇၁၁ ဦး ရှိလာခဲ့ပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၆၀၇၉၅ ဦး ရှိလာခဲ့သည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ၇၄၃ ဦးထက် လျော့နည်းခဲ့သည်။ သို့သော်လည်း ခြောက်ရက်ဆက်တိုက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၀၀ ကျော်ရှိခဲ့သည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ စံချိန်တင်မြင့်တက်

**ဟနွိုင်း ဇူလိုင် ၅**

ဗီယက်နမ်နိုင်ငံတွင် ဇူလိုင် ၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၀၂ ဦး ရှိလာကြောင်း ဖော်ပြမှုနှင့်အတူ လွန်ခဲ့သောနှစ်ရက်က စံချိန်တင်မြင့်တက်ခဲ့သော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၂၂ ဦးကို ကျော်လွန်လာပြီဖြစ်သည်။

ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၁၀၈၉ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး ၁၃ ဦးမှာ ပြည်ပကူးစက်မှုဖြစ်သည်။ ယခုအခါတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၁၀၃၅ ဦးအထိ ရောက်ရှိလာပြီ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အစုလိုက်ကူးစက်ဖြစ်ပွားမှုများအနက် ၆၄၁ ဦးမှာ ဟိုချီမင်းတောင်ပိုင်း၊ ၁၆၅ ဦးမှာ ဒွန်သပ်ပြည်နယ်တောင်ပိုင်းနှင့် ၁၃၁ ဦးမှာ ဘင်ဒေါင်းပြည်နယ်တောင်ပိုင်းတို့မှ ဖြစ်သည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူအများစုမှာ ယခင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများနှင့် တစ်နည်းနည်းဖြင့် ဆက်စပ်နေသူများ ဖြစ်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၈၀၂၂ ဦး ရှိလာပြီဖြစ်သည်။

ဇူလိုင် ၅ ရက်က ကိုဗစ်-၁၉ ကြောင့် လေးဦးထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၉၀ အထိ ရောက်ရှိလာပြီဖြစ်သည်။

ဇူလိုင် ၇ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၁၉၁၆၄ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြသည်။ **ဆင်ဟွာ**



ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တိုးလာစဉ် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ ခုံးကျော်တံတားတစ်ခုပေါ်သို့ တက်လာသည့် နှာခေါင်းစည်းတပ်ဆင်ထားသော အမျိုးသမီးငယ်နှစ်ဦးကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ များလာတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ

လင်းဟန်သစ်

**ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ စံချိန်တင်မြင့်တက်လာခဲ့ပြီး ကိုဗစ်-၁၉ ကြောင့် သေဆုံးသူဦးရေဟာလည်း တစ်သိန်းခွဲကျော်လွန်လာခဲ့ပါတယ်။ တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းဟာ အခုဆိုရင် ကိုးသိန်းခွဲနီးနီးရောက်လာပြီဖြစ်ပါတယ်။**

### ကူးစက်ဖြစ်ပွားမှုတွေ မြင့်တက်

တရားဝင်စာရင်းဇယားထုတ်ပြန်ချက်တွေအရ လတ်တလောမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ ကိုဗစ်-၁၉ကြောင့် သေဆုံးနှုန်းမှာ ၁ ဒသမ ၅၉ ရာခိုင်နှုန်းရှိပြီးတော့ ကိုဗစ်-၁၉ ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာတဲ့နှုန်းဟာလည်း ၈၈ ဒသမ ၂၅ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ပါတယ်။

လွန်ခဲ့တဲ့လကတည်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ မြင့်တက်လာခဲ့တာဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေကို လျှော့ချဖို့အတွက် တင်းကျပ်တဲ့ ကိုဗစ်-၁၉ အလုံပိတ်ကန့်သတ်ချက်တွေကို တစ်ပတ်ကြာ ချမှတ်ထားပြီး စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး သက်ဆိုင်ရာဥပဒေတွေကို ပြည်သူတွေ လေးစားလိုက်နာအောင် ထိန်းသိမ်းကြပ်မတ်နေကြပါတယ်။

### ကိုဗစ် အကျပ်အတည်းကိုမလျှော့ချနိုင်

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ယခုအချိန်အထိ ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှု ၆ ဒသမ ၇ သန်းကျော် စမ်းသပ်စစ်ဆေးပြီးပါပြီ။

ကိုဗစ်-၁၉ လှိုင်းဂယက် ထပ်မံကူးစက်ဖြစ်ပွားရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ အချက်အချာနေရာဖြစ်တဲ့ ခူလ်နာမြို့မှာ အောက်ဆီဂျင်ပြတ်လပ်မှုတွေဖြစ်ပွားတာကြောင့် သေဆုံးမှုတွေလည်း ရှိနေပါတယ်။

အစိုးရက တင်းကျပ်တဲ့အလုံပိတ်ကန့်သတ်ချက်ကို တစ်ပတ်ကြာ ချမှတ်ထားသော်လည်း ဒါက ခူလ်နာဆေးရုံတွေအတွက် အကျပ်အတည်းကို မလျှော့ချနိုင်သလို သေဆုံးမှုတွေကိုလည်း မလျော့နည်းစေခဲ့ပါဘူး။

### အောက်ဆီဂျင်မပေးခဲ့ပါဘူး

မိုဟာမက်ဆစ်ဒစ်ဟာ စိတ်ပျက်အားလျော့စွာနဲ့ ဆေးရုံအရေးပေါ်ဝင်ပေါက်အောက်မှာ ဘာမှမရှိတဲ့ အောက်ဆီဂျင်ဘူးကိုမှီကာ မျက်ရည်တွေအပြည့်နဲ့ သူ့ရဲ့ဆွေမျိုးတွေကို အသက် ၅၀ အရွယ် သူ့အစ်ကိုသေသွားပြီဆိုတာကို စိတ်မကောင်းစွာနဲ့ ပြောခဲ့ပါတယ်။ အခြေအနေမကောင်းတော့တဲ့ သူ့အစ်ကိုကို ဆေးရုံခေါ်လာခဲ့သော်လည်း ဆေးရုံမှာခုတင်လည်းမရှိတော့သလို အောက်ဆီဂျင်လည်းမရှိတော့ဘူးလို့ အသက် ၄၂ နှစ်ရှိသူ ဆာဒစ်က ပြောပါတယ်။ နောက်ဆုံးမှာ သူဟာ ဆေးရုံရဲ့ စင်္ကြံလမ်းမှာ ပင့်သက်ရှိုက်ပြီး တမလွန်လမ်းကို လျှောက်လှမ်းခဲ့ရတယ်လို့ ဆာဒစ်က စိတ်မကောင်းစွာ ပြောပါတယ်။

သူနောက်ဆုံးသေတဲ့အချိန်ထိတိုင်အောင် အောက်ဆီဂျင်မပေးခဲ့ပါဘူးလို့ သူက ဆက်ပြောခဲ့ပါတယ်။

### မျိုးစိတ်သစ်ကူးစက်မှုတွေမြင့်တက်

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားနဲ့ နယ်စပ်ချင်းထိစပ်နေတဲ့ အနောက်တောင်ပိုင်းပြည်နယ်မှာ ဒယ်လ်တာ ကိုဗစ်-၁၉ မျိုးစိတ်သစ် ကူးစက်ဖြစ်ပွားမှုတွေမြင့်တက်လာခဲ့ပါတယ်။ ဒယ်လ်တာကိုဗစ်-၁၉ မျိုးစိတ်သစ်ကို အိန္ဒိယနိုင်ငံမှ ပထမဆုံး စတင်တွေ့ရှိခဲ့ပါတယ်။

ခူလ်နာမြို့မှာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကြောင့် ၄၆ ဦး သေဆုံးခဲ့တယ်လို့ ဇူလိုင် ၁ ရက်က ထုတ်ပြန်ခဲ့တဲ့ တရားဝင်စာရင်းဇယားတွေအရ သိရပါတယ်။ အစောပိုင်းကိုဗစ်-၁၉ လှိုင်းတွေကြောင့် နေ့စဉ်သေဆုံးမှုဟာ နှစ်ဆထိမြင့်တက်သွားတယ်ဆိုတာ မကြားဖူးခဲ့ပါဘူး။ အခု ကိုဗစ်-၁၉ လှိုင်းကတော့ ကြောက်စရာကောင်းအောင် သေဆုံးမှုတွေ တိုးလာတာဖြစ်ပါတယ်။

### တကယ့်သေဆုံးမှုတွေ လက်ရှိစာရင်းဖော်ပြမှုထက်များ

တကယ့်သေဆုံးမှုတွေဟာ လက်ရှိစာရင်းဖော်ပြမှုထက် ပိုများတယ်လို့ လူဦးရေ ခုနစ်သိန်းနီးနီးလောက်နေထိုင်တဲ့ အဲဒီမြို့ရဲ့ ပြည်သူတွေကပြောပါတယ်။ သင်္ချိုင်းတွေဟာလည်း သေဆုံးသူတွေအတွက် မလုံလောက်တော့လောက်အောင် သေဆုံးသူတွေ များလာပါတယ်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ လမ်းတွေအပေါ် တပ်ဖြန့်ချထားတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

ခူလ်နာအထွေထွေရောဂါကုဆေးရုံကြီးဟာ ခူလ်နာမြို့ရဲ့ လေးခုမြောက် ကိုဗစ်-၁၉ ကုသရာဆေးရုံကြီးဖြစ်ပြီးတော့ ခုတင် ၄၀၀ ရှိပါတယ်။ သို့သော်လည်း လိုအပ်ချက်တွေဟာ ရှိတဲ့ပမာဏကိုကျော်လွန်ပြီး မိုးထိအောင်များပြားနေပါတယ်။ ဆေးရုံတက်ရောက်သူတွေ အဆမတန်များပြားမှုတွေကို ရင်ဆိုင်နေရတယ်လို့ ခူလ်နာဒေသရဲ့ အကြီးအကဲဆရာဝန် နိဗ်မိုဟာမက်က ပြောပါတယ်။

### ကန့်သတ်ချက်တွေလိုက်နာအောင် နေ့စဉ်ကင်းလှည့်

တကယ့်လက်ရှိအခြေအနေတွေဟာ သေရေးရှင်ရေးတမျှအရေးကြီးနေပါတယ်။ အောက်ဆီဂျင်မရလို့ သေဆုံးခဲ့သူတွေဟာလည်း စိတ်မကောင်းစွာ များလာတယ်လို့ သေဆုံးသူများထဲမှ ဆွေမျိုးတစ်ဦးက မျက်ရည်တွေသုတ်ပြီး ပြောပါတယ်။

သူတို့ အောက်ဆီဂျင်နည်းနည်းကလေးပေးရင်ကိုပဲ ကျွန်မအစ်ကို အသက်ရှင်တယ်လို့ သူက ပြောပါတယ်။

အလုံပိတ်ကန့်သတ်ချက်တွေကို လူတွေလိုက်နာအောင် ရဲတွေနဲ့ တပ်ဖွဲ့ဝင်တွေလည်း လူပေါင်း ၁၆၈ သန်းမှီတင်းနေထိုင်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း လမ်းတွေမှာ ကင်းလှည့်နေပါတယ်။ နေ့စဉ် နေအိမ်ကထွက်လာတဲ့ လူရာပေါင်းများစွာဖမ်းဆီးခံနေရပါတယ်။

### ဆောင်ရွက်ချက်တွေကို ထိန်းသိမ်းရမယ်

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်တဲ့ ခူလ်နာမှာ လွန်ခဲ့တဲ့လကတည်းက သွားလာလှုပ်ရှားမှုမှန်သမျှ ကန့်သတ်ပိတ်ဆို့ထားတာဖြစ်ပါတယ်။ သို့သော်လည်း စက်ရုံတွေကိုတော့ ဖွင့်ပေးထားပါတယ်။ အလုပ်သမားတွေကိုအလုပ်မဆင်းဖို့လည်းတိုက်တွန်းထားပါတယ်။

အများပြည်သူသုံး ယာဉ်လိုင်းတွေလည်း ယာယီပိတ်ထားသလို ဆိုင်အများစုကိုလည်း ပိတ်ထားပါတယ်။ ခူလ်နာရဲ့အခြေအနေဟာ အတော်လေးအရေးကြီးတဲ့အချိန်ရောက်နေတဲ့အတွက် ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်တွေကို ထိန်းသိမ်းရမှာဖြစ်ပါတယ်။

တရားဝင်ဖော်ပြချက်တွေအရ လွန်ခဲ့တဲ့ ၁၅ လက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၃၅၀၀၀ ရှိပြီးသေဆုံးသူ ၁၄၉၀၀ ရှိတယ်လို့ သိရသော်လည်း ဒီပမာဏဟာ တကယ့်လက်ရှိဖြစ်ပွားနေတဲ့ ကိန်းဂဏန်းတွေကို လျော့နည်းဖော်ပြခြင်းသာဖြစ်တယ်လို့ ပြည်သူအများစုက သုံးသပ်ပြောကြားထားပါတယ်။

### ဘဝမှာ အုတ်ဂူတွေတူးရတာလောက် အလုပ်များတာမျိုး မကြုံဖူးသေး

ခူလ်နာသင်္ချိုင်းမှာအလုပ်လုပ်တဲ့ မိုဟာမက် ဘာဘူက သူ့အသက် ၃၂ နှစ်အတွင်းမှာ အခုလိုမျိုး လူသေအလောင်းထားဖို့ အုတ်ဂူတွေ တူးနေရတာလောက် အလုပ်များနေတာမျိုး မကြုံဖူးသေးဘူးလို့ ပြောပါတယ်။

ဒီနှစ်မှာပြုလုပ်တဲ့ ဈာပနအရေအတွက်ဟာ သမိုင်းမှာ အများဆုံးပဲလို့ သူကပြောပါတယ်။ သက်ဆိုင်ရာကျန်းမာရေးအာဏာပိုင်တွေကလည်း ပါးစပ်နှာခေါင်းစည်းတပ်ဖို့နဲ့ လူမှုဝေးကွာစည်းမျဉ်းတွေအပေါ် ပြည်သူတွေရဲ့ ငြင်းဆန်မှုတွေ များလာတဲ့အပေါ် ပြစ်တင်ပြောကြားထားပါတယ်။ ဒီလိုတွေမလုပ်ဘူးဆိုရင်တော့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ ပိုလို့တောင်များလာမှာလို့ တာဝန်ရှိသူတစ်ဦးကတော့ ပြောကြားလိုက်ပါတယ်။

**ကိုးကား - အေအက်ဖ်ပီ**

**❍ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ယခုအချိန်အထိ ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှု ၆ ဒသမ ၇ သန်းကျော် ဆန်းသပ်စစ်ဆေးပြီးပါပြီ။ ကိုဗစ်-၁၉ လှိုင်းဂယက် ထပ်မံကူးစက်ဖြစ်ပွားရာ ဘင်္ဂလားဒေ့ရှ် နိုင်ငံရဲ့ အချက်အချာနေရာဖြစ်တဲ့ ခူလ်နာမြို့မှာ အောက်စီဂျင်ပြတ်လပ်မှုတွေဖြစ်ပွားတာကြောင့် သေဆုံးမှုတွေလည်း ရှိနေ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တို့တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၂၇၀၆၉ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၈၈၇၃၈ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၂၂၃၈၇ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၈၈၇ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၄၃၉၆ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ် မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်း ဖြင့် မဲစာရင်း ၃ ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ် တစ်ခုတည်း ဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | နောင်မွန်း | ၂၅ | ၄၈၉၉ | ၄၃၉၈ | ၂၅ | ၁၉ | ၃၇၆ |
| ၂ | ခေါင်လန်ဖူး | ၃၆ | ၈၉၀၉ | ၅၅၆၅ | ၅၇၁ | ၁၁၃ | ၁၁၇၂ |
| ၃ | ဆော့လော် | ၁၈ | ၄၃၆၃ | ၂၉၂၆ | ၃၉၄ | ၉ | ၃၂၈ |
| ၄ | အင်ဂျန်းယန် | ၇ | ၂၀၀၆ | ၁၉၃၉ | ၆၉ | | ၃၀ |
| ၅ | ဖားကန့် | ၁၀၅ | ၁၈၄၀၆၂ | ၅၀၇၀၂ | ၁၈၅၇၂ | ၇၄၆ | ၁၂၁၉၆ |
| ၆ | ဖာပွန် | ၂၅ | ၂၂၈၃၀ | ၂၃၂၀၈ | ၂၇၅၆ | | ၂၉၄ |
| | စုစုပေါင်း | ၂၁၆ | ၂၂၇၀၆၉ | ၈၈၇၃၈ | ၂၂၃၈၇ | ၈၈၇ | ၁၄၃၉၆ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ အရ ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၆ မြို့နယ်တွင် မဲရုံပေါင်း ၂၁၆ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၁၅၉၉ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၃၆၂၅၇၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၂၅၃၄၂၊ မြေပြင်လက်ကျန် ၁၂၄၈၇၉ ဖြစ်ကြောင်း တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၃၆၄၄ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၃၁၈၁ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၁ | နောင်မွန်း | ၂၅ | ၆၅၀၆ | ၄၃၆၈ | ၂၁၃၈ | ၂၁၃၄ | ၅၄ | ၅၀ |
| ၂ | ခေါင်လန်ဖူး | ၃၆ | ၁၁၂၅၃ | ၇၃၃၀ | ၃၉၂၃ | ၃၉၂၁ | ၄ | ၂ |
| ၃ | ဆော့လော် | ၁၈ | ၅၆၀၂ | ၃၀၄၂ | ၂၅၆၀ | ၂၅၃၉ | ၂၁ | |
| ၄ | အင်ဂျန်းယန် | ၇ | ၂၈၀၀ | ၁၄၂၄ | ၁၃၇၆ | ၁၃၇၆ | | |
| ၅ | ဖားကန့် | ၁၀၅ | ၂၀၉၈၉၂ | ၁၀၄၀၃၉ | ၁၀၅၈၅၃ | ၁၀၅၄၁၁ | ၂၈၂၃ | ၂၃၈၁ |
| ၆ | ဖာပွန် | ၂၅ | ၂၅၅၄၆ | ၁၆၀၅၄ | ၉၄၉၂ | ၉၄၉၈ | ၇၄၂ | ၇၄၈ |
| | စုစုပေါင်း | ၂၁၆ | ၂၆၁၅၉၉ | ၁၃၆၂၅၇ | ၁၂၅၃၄၂ | ၁၂၄၈၇၉ | ၃၆၄၄ | ၃၁၈၁ |



ဖားကန့်မြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

❖ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တို့တွင် ယခင်ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၂၇၀၆၉ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၈၈၇၃၈ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၂၂၃၈၇ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၈၈၇ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၄၃၉၆ ဦး ဖြစ်

စာမျက်နှာ ၁၆ သို့





ဖာပွန်မြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

☆ စာမျက်နှာ ၁၅ မှ

၆။ အဆိုပါမြို့နယ် ၆ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆(က)အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၁၃၈၃၃၁ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများမှာ ၂၂၃၈၇ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ **“အခန်း(၆) မဲစာရင်း ပြုစုခြင်း”** ပါ ပုဒ်မ ၁၅ (ဂ) တွင် **“မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ”** ဟု ပြဋ္ဌာန်းထားသော်လည်း အဆိုပါမြို့နယ် ၆ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက်ပါဝင်နေသူ ၈၈၇ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၁၄၃၉၆ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ နောင်မွန်းမြို့နယ်၊ ရပ်ကွက်(၅)၊ မဲရုံအမှတ်(၅)တွင် ထပ်တိုးမဲဆန္ဒရှင် ၈ ဦးအား နောက်ဆက်တွဲ မဲစာရင်းပြုစုခြင်း ညွှန်ကြားချက်များနှင့်အညီ ပြုစုခြင်းမရှိဘဲ မဲဆန္ဒရှင်စာရင်း ပုံစံ(၁)စာအုပ်တွင် လက်ရေးဖြင့် ရေးသွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားကြောင်း စိစစ်တွေ့ရှိရသည်။ **[လက်ရေးဖြင့် ရေးသွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲဆန္ဒရှင်စာရင်းပုံစံ(၁) ၁ စောင် ပူးတွဲဖော်ပြထားပါသည်။]**

၉။ ခေါင်လန်ဖူးမြို့နယ်ရှိ မဲရုံများတွင် မဲဆန္ဒရှင် ၁၄ ဦး၊ ဆော့လော်မြို့နယ်ရှိ မဲရုံများတွင် မဲဆန္ဒရှင် ၄ ဦးနှင့် ဖားကန့်မြို့နယ်ရှိ မဲရုံများတွင် မဲဆန္ဒရှင် ၃၂ ဦးတို့သည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်သေးသော်လည်း မဲစာရင်းတွင် ထည့်သွင်းထားပြီး အဆိုပါ မဲဆန္ဒရှင်များသည် ဆန္ဒမဲပေးထားကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ **[အသက် ၁၈ နှစ် မပြည့်သေးသူများအား ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲဆန္ဒရှင်စာရင်းပုံစံ(၁)များအနက် ၃ စောင်အား ပူးတွဲဖော်ပြထားပါသည်။]**

၁၀။ ခေါင်လန်ဖူးမြို့နယ် မဲရုံအမှတ်(၂၈)၊ (၃၄)၊ (၃၆)၊ ဆော့လော်မြို့နယ် မဲရုံအမှတ်(၁၂)နှင့် ဖားကန့်မြို့နယ် မဲရုံအမှတ် (၁၄)၊ (၁၆)၊ (၁၉)၊ (၄၆)၊ (၆၃)၊ (၆၈) နှင့် (၇၂) တို့၏ ဆန္ဒမဲပေးသည့်နေ့တွင် အသုံးပြုသည့် ပြည်သူ့လွှတ်တော်အတွက် မဲဆန္ဒရှင်စာရင်းပုံစံ(၁) စာအုပ်များ ပျောက်ဆုံးနေသဖြင့် စစ်ဆေးနိုင်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၁၁။ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မဲရုံအမှတ်(၇၀)နှင့် ဟောင်ပါးကျေးရွာအုပ်စု မဲရုံအမှတ်(၉၂) တို့၏ မဲဆန္ဒရှင်စာရင်းပုံစံ(၁)စာအုပ်များတွင် သက်ဆိုင်ရာ မဲဆန္ဒရှင်များ၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုးရိုက်နှိပ်ထားခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ်များ ခွင့်ပြုထုတ်ပေးထားကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ **[သက်ဆိုင်ရာ မဲဆန္ဒရှင်များ၏ ထိုးမြဲ လက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုးရိုက်နှိပ်ထားခြင်းမရှိဘဲ ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲဆန္ဒရှင်စာရင်းပုံစံ(၁)များအနက် ၂ စောင်အား ပူးတွဲ ဖော်ပြထားပါသည်။]**

၁၂။ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မဲရုံအမှတ်(၂၀)၏ မဲစာရင်းအမှတ်စဉ် (၁၆၈၅) တွင် မူလ မဲဆန္ဒရှင် ဦးညီထွန်း၏ အချက်အလက်များအားဖျက်၍ ဦးညီညီသန်း၏ အချက်အလက်များကို ဖြည့်သွင်း၍ မဲပေးစေခဲ့ကြောင်းတွေ့ရှိရပါသည်။ **[မူလမဲဆန္ဒရှင်အမည်နှင့် အချက်အလက်များအား ဖျက်၍ အခြား မဲဆန္ဒရှင်အမည်နှင့် အချက်အလက်များကို လက်ရေးဖြင့် ဖြည့်သွင်းပြီး ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲဆန္ဒရှင်စာရင်းပုံစံ(၁) ၁ စောင် ပူးတွဲဖော်ပြထားပါသည်။]**

၁၃။ ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၁၃၅၉၆၇ ဦး ဖြစ်ပြီး ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက် မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၃၆၂၅၇ စောင် ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၂၉၀ စောင် ပိုမိုအသုံးပြုထားခြင်း၊

( ခ ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၃၆၄၄ စောင် ပျောက်ဆုံးနေခြင်း၊

( ဂ ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၃၁၈၁ စောင် တွေ့ရှိရခြင်း၊

(ဃ) ထပ်တိုးမဲဆန္ဒရှင်များအား နောက်ဆက်တွဲ မဲစာရင်းပြုစုခြင်း ညွှန်ကြားချက်များနှင့်အညီ ပြုစုခြင်းမရှိဘဲ မဲစာရင်းပုံစံ(၁)စာအုပ်တွင် လက်ရေးဖြင့် ဖြည့်သွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားခြင်း၊

( င ) အသက် ၁၈ နှစ် မပြည့်သေးသူများအား မဲစာရင်းတွင် ထည့်သွင်းထားပြီး ဆန္ဒမဲပေးခွင့်ပြုထားခြင်း၊

( စ ) မူလ မဲစာရင်းပုံစံ(၁)ပါ မဲဆန္ဒရှင်အမည်နှင့် အချက်အလက်များကို ဖျက်၍ အခြား မဲဆန္ဒရှင်အမည်နှင့် အချက်အလက်များကို လက်ရေးဖြင့် ဖြည့်သွင်းပြီး ဆန္ဒမဲပေးခွင့်ပြုထားခြင်း၊

(ဆ) အချို့မဲရုံများ၏ မဲဆန္ဒရှင်စာရင်း ပုံစံ(၁)စာအုပ်များတွင် သက်ဆိုင်ရာ မဲဆန္ဒရှင်၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ ရေးထိုးရိုက်နှိပ်ခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ်များ ထုတ်ပေး၍ ဆန္ဒမဲပေးခွင့်ပြုထားခြင်း၊

( ဇ ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅ (က) ပါအတိုင်း မဲဆန္ဒရှင် စာရင်းပုံစံ(၁)၏ စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးထားမှုမရှိခြင်း၊

( ဈ ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း၊

(ည) ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အချို့အနေဖြင့် ဆန္ဒမဲ လက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန် ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

( ဋ ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံ လက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊


( ဌ ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

( ဍ ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၁၄။ ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်း ပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။


**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

❖ အဆိုပါမြို့နယ် ၆ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆(က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၁၃၈၃၃၁ ဦး ပိုမိုများပြားနေ


[ နောင်မွန်းမြို့နယ်တွင် ထပ်တိုးမဲဆန္ဒရှင်များအား နောက်ဆက်တွဲမဲစာရင်းပြုစုခြင်း ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်းမရှိဘဲ လက်ရေးဖြင့် ရေးသွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲဆန္ဒရှင်စာရင်းပုံစံ(၁) ၁စောင် ]

လွှတ်တော်ရွေးကောက်ပွဲ
၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
( နည်းဥပဒေ ၄ )
ကချင်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁)

စာမျက်နှာ - 68/68


[သက်ဆိုင်ရာ မဲဆန္ဒရှင်များ၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုးရိုက်နှိပ်ထားခြင်း မရှိဘဲ ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲဆန္ဒရှင်စာရင်းပုံစံ(၁) ၂ စောင်]

၂၀၂၀ခုနှစ်၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
( နည်းဥပဒေ ၄ )
ကချင်ပြည်နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
မြို့နယ်အမည် - ဖားကန့်မြို့နယ်

စာမျက်နှာ - 1/92

စာမျက်နှာ - 30/92


[မူလမဲဆန္ဒရှင်အမည်နှင့် အချက်အလက်များအား ဖျက်၍ အခြားမဲဆန္ဒရှင်အမည်နှင့် အချက်အလက်များကို လက်ရေးဖြင့် ဖြည့်သွင်းပြီး ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲဆန္ဒရှင်စာရင်းပုံစံ(၁) ၁ စောင် ]

၂၀၂၀ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
( နည်းဥပဒေ ၄ )
ကချင်ပြည်နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
မြို့နယ်အမည် - ဖားကန့်မြို့နယ်

စာမျက်နှာ - 169/228

❖ အချို့မဲရုံများ၏ မဲဆန္ဒရှင်စာရင်း ပုံစံ(၁)စာအုပ်များတွင်သက်ဆိုင်ရာ မဲဆန္ဒရှင်၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ ရေးထိုးရိုက်နှိပ်ခြင်းမရှိဘဲ ဆန္ဒမဲ လက်မှတ်များ ထုတ်ပေး၍ ဆန္ဒမဲ ပေးခွင့်ပြုထား

❖ ကချင်ပြည်နယ်၊ နောင်မွန်း မြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ အင်ဂျန်း ယန်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ် တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင် စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရ

❖ ဆန္ဒမဲလက်မှတ်များ မြေပြင် ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်း ပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ/နည်း ဥပဒေပါ သတ်မှတ် ပြဋ္ဌာန်းချက် များအတိုင်း လိုက်နာဆောင်ရွက် ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၇-၂၀၂၂ အင်္ဂါနေ့

**MRTV**

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** လေ့လာစရာစုံလင် အဓိမြန်မာပြည်တစ်ခွင်
**၀၈:၃၅** ပြည်သူ့အကျိုးပြုထာဝစဉ်ရှေးရှု
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** ကြေးမုံရိပ်သွင်တေးနယ်ဉ်
**၁၂:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၂)
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'မြန်မာစာဘာသာရပ်'**
**၁၇:၃၅** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
**၁၇:၅၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၅** သွေးချင်းတို့ရဲ့ရိုးရာ ယဉ်ကျေးမှုများဆီသို့
**၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားငေါ်ဆောင်ရာ'** (အပိုင်း-၁၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'နတ်ဆိုးမလေးရဲ့ကိုယ်ရံတော်'** (အပိုင်း-၁၀)(ဇာတ်သိမ်း)
**၂၂:၂၅** ပြည်သူ့နီတိ **'အလုပ်ဖြစ်အဖြစ်လုပ်'**

**mitv**

**07:01** News
**07:27** Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
**07:34** History And Mystery Behind The Caves
**08:01** Famous Pagodas of Sagaing
**08:09** The Lapidarist
**08:25** Discovering Tribes: Ancient Kayah their life and customs
**09:01** Lucrative Myanma Rattan Industry
**09:21** Hand Down Arts Heritage
**09:54** Myanmar Masterclass
**10:14** The Lives of Stone Slab and Mortar Makers
**10:33** Life In Night ........Art In Life (Ep-2) Part-2
**11:01** Applied Myanmar Traditional Martial Art (Part-2)
**11:33** Discovering Tribes: Enn (Their Life and Customs)

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ဝိုင်းမော်အထင်ကရနေရာသို့သွားလည်ကြမယ်
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားတိုင်းရင်းသားယဉ်ကျေးမှုကေးလျားရှာ
**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဘွဲကရင်တိုင်းရင်းသားတို့ထိန်းသိမ်းထားသောရိုးရာတူရိယာများ
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှဂေါ်ရန်ရှိ (အပိုင်း-၄)
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စွဲမက်စရာဇင်ပြုံးသီးတာလပေါ်ဟင်းလျာ
**ချင်း (ဖိုင်စိုး) (၁၃:၀၀ မှ ၁၄:၀၀)**
သင်မယ်ရေးမယ်ဒိုချင်းစာ(အပိုင်း-၂၀)
**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ချင်းရိုးရာငေါ်
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
သွားလည်ကြမယ်ဇင်းကျိုက်ရေတံခွန်ဆီ
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
စော်ဘွားကြီးစဝ်ရွှေသိုက်နှင့်ညောင်ရွှေဟော်နန်း
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
လားဟူနှစ်သစ်ကူးပွဲ

**MRTV Sports**

**၀၆:၀၀** အဖွင့်
**၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၁၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၁၆:၀၀** ၂၀၂၂ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲစကားသံများ

MRTV Farmers' Channel
MRTV FARMERS' CHANNEL ကို
နေ့စဉ် နံနက် (၆:၀၀)နာရီမှ
ည (၁၀:၀၀)နာရီထိ၊
Education Channel ကို
စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ
ည(၁၀:၀၀)နာရီထိ
ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal
SCAN ME

# မြိတ်မြို့ သံဃာ့ဆေးရုံတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်)မှ ဖျားနာအခမဲ့ဆေးကုသခန်း ပြန်လည်ဖွင့်လှစ်




**မြိတ် ဇူလိုင် ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း(မြိတ်)မှ အထက် ရေပုန်းရပ်စပါး ရွှေဝါလမ်းမကြီးရှိ သံဃာ့ဆေးရုံတွင် ဖျားနာအခမဲ့ ဆေးကုသခန်းကို ယနေ့ နံနက်ပိုင်းမှ စတင်ကာ ပြန်လည်ဖွင့်လှစ်ပြီး အနံ့ပျောက်၊ဖျားနာလူနာများအား အခမဲ့ကုသပေးလျက်ရှိသည်။

အနံ့ပျောက်တဲ့ သူတွေကို လိုအပ်ရင် ပရဟိတအဖွဲ့နဲ့ အသေအချာ လုံခြုံတဲ့ကားနဲ့ စစ်ဆေးပေးမယ့်နေရာကို ပို့ပေးမယ်။ တကယ်လို့ ပိုးတွေ့ရင် လိုအပ်တာကို ဆက်ပြီး ဆောင်ရွက်ပေးပါ့မယ်။ ပိုးမတွေ့ရင် အိမ်မှာပဲ သီးခြားနေခိုင်းတာတို့ ဆောင်ရွက်ပါ့မယ်" ဟု မြန်မာနိုင်ငံ ဆရာဝန်အသင်း (မြိတ်) မှ ဒေါက်တာတင်စိုးမိုးက ပြောသည်။

ဖျားနာအခမဲ့ ဆေးကုသခန်းကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲအထိ ဖွင့်လှစ်ကုသပေးမည်ဖြစ်ပြီး အနံ့မရသူနှင့် ကိုဗစ်-၁၉ သံသယလူနာများအတွက် ဖုန်းဖြင့် ဆက်သွယ်အကြံဉာဏ် ရယူလိုသူများကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့လယ် ၁ နာရီမှ ၃ နာရီအတွင်း ဆွေးနွေးပြောကြားပေးမည် ဖြစ်ကြောင်း သိရသည်။

ဖျားနာအခမဲ့ ဆေးကုသခန်းကို မြန်မာနိုင်ငံ ဆရာဝန်များအသင်း မြိတ်မြို့မှ စေတနာ့ဝန်ထမ်း ဆရာဝန်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ပရဟိတ စေတနာ့ဝန်ထမ်းအဖွဲ့များ ပူးပေါင်းကာ ကုသပေးမည် ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# မြင်းမူမြို့တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၁၀၅ ဦးရှိလာ

**မြင်းမူ ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်မားလျက်ရှိရာ ဇွန် ၆ ရက်မှ ဇူလိုင် ၄ ရက်အထိ ရောဂါရှာဖွေတွေ့ရှိသူ အတည်ပြုလူနာပေါင်းမှာ ၁၀၅ ဦးအထိ ရှိလာခဲ့ကြောင်းနှင့် ကျန်းမာရေးကောင်းမွန်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၁၁ ဦး ရှိပြီဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများကို မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သံဃာဆေးရုံအဆောက်အအုံတွင်ထားရှိကာ မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ဆက်လက် ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် မြို့ဝင်၊ မြို့ထွက်များတွင် စစ်ဆေးရေးဂိတ်များထားရှိခြင်း၊ မြို့တွင်းနေရာများအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၇ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၇၆၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၂၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၂၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၂၉ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၇ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၅၉၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၆၅ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၉၁ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၁ . ၄၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၈၄၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၉၀၀ | ၇၀၇ | ၆၂၈၅၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၅၀ | ၂၀၄ | ၇၁၈၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၅၀ | ၂၇၅၀ | ၂၅ | ၆၆၇၅၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၈၁ | ၂၅၁၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၆၅ | ၃၂၅၅၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူတို့၏ အခန်းကဏ္ဍ

— — — မောင်မင်းဇံ — — —

## ပြည်သူတို့ ပူးပေါင်းပါဝင်ရေး

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှ လုပ်ဆောင်လျက်ရှိပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တစ်ခုဖြစ်သည့် "ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း"တွင် အဖွဲ့ဝင်နိုင်ငံများအဖြစ် ဝင်ရောက်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။ မိမိတို့နိုင်ငံသည်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူလျက် လုပ်ဆောင်လျက်ရှိရာ ထိုက်သင့်သောအောင်မြင်မှုများ ရရှိနေသည်ကို တွေ့မြင်နေရသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို လုပ်ဆောင်ရာတွင် လက်တွေ့ကျသော လုပ်ငန်းစဉ်များ၊ ခိုင်မာအားကောင်းသောဥပဒေများနှင့် တာဝန်ခံဆောင်ရွက်ပေးမည့် အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းဆောင်ရွက်သွားနိုင်မည့် မူဝါဒများချမှတ်ဆောင်ရွက်နိုင်မှသာ စိန်ခေါ်မှုပေါင်းများစွာကို ရင်ဆိုင်ဖြေရှင်းသွားနိုင်မည်ဖြစ်ပါသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ဆောင်ရာတွင် တာဝန်ရှိသော အဖွဲ့အစည်းများက တာဝန်ယူဆောင်ရွက်ခြင်းသည် အဓိကကျသည့် အခန်းကဏ္ဍဖြစ်သကဲ့သို့ ပြည်သူလူထုနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အရေးကြီးပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် မူဝါဒများချမှတ်လုပ်ဆောင်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများ၊ တရားစီရင်ရေး အဖွဲ့အစည်းများနှင့် အခြားသော တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများကဲ့သို့သော အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းများဖြင့်သာ တာဝန်ယူလုပ်ဆောင်ရန် ရေးဆွဲချမှတ်ခြင်းသည် လုံလောက်မှုမရှိဘဲ ပြည်သူလူထုနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှု၏ အရေးပါပုံကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

## ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်

မြန်မာနိုင်ငံမှ ၁၆၅ ခုမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၂ ခုနှစ်တွင် ဝင်ရောက်ထားသော ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း၏ အပိုဒ် ၁၃(၁)တွင် "အဖွဲ့ဝင်နိုင်ငံတိုင်းသည် အဂတိလိုက်စားမှုကို တားဆီးကာကွယ်ခြင်းနှင့် ဆန့်ကျင်တိုက်ဖျက်ခြင်းပြုရာတွင် လူ့အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများကဲ့သို့သော အများပြည်သူဆိုင်ရာ ကဏ္ဍ၏ပြင်ပရှိ လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် အစုအဖွဲ့များမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်လာစေရေး မြှင့်တင်ဆောင်ရွက်ရန်သာမက လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားခြင်းတည်ရှိနေမှု၊ ယင်းကိုဖြစ်ပေါ်စေသည့်အကြောင်းများ၊ ယင်း၏ ဆိုးရွားပြင်းထန်မှုနှင့် ယင်းကိုဖြစ်ပေါ်စေသည့် ခြိမ်းခြောက်မှုများနှင့် စပ်လျဉ်း၍ အများပြည်သူသို့ အသိပညာပေးမှုများကို အားပေးမြှင့်တင်ရန်အတွက် သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများကို မိမိနိုင်ငံရှိ ပြည်တွင်းဥပဒေများ၏ အခြေခံမူ သဘောတရားများနှင့်အညီ တတ်နိုင်သည့်နည်းလမ်းများအရ လုပ်ဆောင်ရမည်။"ဟု သတ်မှတ်ပြဋ္ဌာန်းထားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပါဝင်လာစေခြင်းကို ခိုင်မာအားကောင်းလာစေရန်အတွက် ဆောင်ရွက်ရမည့်အချက်များကိုလည်း သတ်မှတ် ဖော်ပြထားပါသည်။

## ပြည်သူတို့၏အခန်းကဏ္ဍ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဆိုသည်မှာ လိုအပ်သောကိရိယာတစ်ခုဖြစ်ပြီး ပြည်သူလူထုအနေဖြင့် အများပြည်သူအကျိုးဖြစ်ထွန်းရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်နိုင်ရန်အတွက် အခွင့်အလမ်းများရရှိခြင်းလည်းဖြစ်သည်။ ပြည်သူလူထု ပူးပေါင်းပါဝင်လာစေခြင်း၏ အဓိကရည်ရွယ်ချက်များမှာ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ပြည်သူလူထု၏ သဘောထားအမှန်ကို သိရှိ၍ ထည့်သွင်းနိုင်စေရန်၊ ပြည်သူလူထု၏ အတွေ့အကြုံ၊ ဗဟုသုတများကို ထည့်သွင်းအသုံးပြုခြင်းဖြင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များကို ထိရောက်ကောင်းမွန်စေရန်၊ တရားမျှတမှုနှင့် သာတူညီမျှရှိစေရေးအတွက် လူ့အဖွဲ့အစည်းမှ သဘောထားအသံများကို ကြားသိနိုင်စေရန်၊ အများပြည်သူဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုများ တရားဝင်မှုမြင့်မားစေရန်နှင့် လိုအပ်ချက်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်တို့ ဖြစ်ပါသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆောင်ရွက်မှုများတွင် တက်ကြွစွာဆောင်ရွက်နေကြသော နိုင်ငံသားများ၏ အခန်းကဏ္ဍသည်လည်း အရေးပါသည်။ ၎င်းတို့သည် အဂတိလိုက်စားမှု ဖြစ်စဉ်များကို အလေးထားစောင့်ကြည့်ခြင်း၊ အဂတိလိုက်စားမှုများ အကြောင်းနှင့် ၎င်း၏ ဆိုးကျိုးသက်ရောက်မှုများအား အခြားပြည်သူများသို့ လှုံ့ဆော်အသိပေးနိုင်ခြင်းနှင့် နိုင်ငံရေးသမားများနှင့် နိုင်ငံရေးပါတီများ၏ တာဝန်ယူမှုနှင့် တာဝန်ခံမှုများကို စောင့်ကြည့်အကဲဖြတ်ခြင်းများကို လုပ်ဆောင်ကြပါသည်။ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် အဆိုပါ နိုင်ငံရေးအလွှာရှိ လူပုဂ္ဂိုလ်များအား အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ဆောင်သည့် အပြုအမူ၊ အမူအကျင့်များကို မွေးမြူသည့်အလေ့အထများ ဖြစ်ပေါ်စေပြီး ကျင့်ဝတ်နှင့်အညီ နေထိုင်ရေးနှင့် သန့်ရှင်းသော အစိုးရဖြစ်ပေါ်လာစေရေးတို့ကို ဦးတည် ဖြစ်ပေါ်စေပါသည်။

## ပြည်သူတို့၏တာဝန်

အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ဆောင်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အခြားသော အများပြည်သူဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းပါဝင်သည့်ပုံစံနှင့် မတူညီဘဲ ကွဲပြားခြားနားပါသည်။ အဂတိလိုက်စားမှုသည် ရေးဆွဲပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လွဲမှားစွာ အသုံးချမှုများ ဖြစ်ပေါ်စေခြင်းနှင့် တန်းတူအခွင့်အရေး မရရှိစေခြင်းများကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စေရေးအတွက် အစိုးရဝန်ထမ်းများ၏အပြုအမူ၊ အနေအထိုင်နှင့် ဆုံးဖြတ်ချက်ချမှတ်မှုများကို စောင့်ကြည့်ခြင်း၊ အဂတိလိုက်စားမှုနှင့် ဆက်နွှယ်နေသောပြစ်မှုများကို သတင်းပေးတိုင်ကြားခြင်းနှင့် သင့်လျော်သော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာနည်းလမ်းများ ချမှတ်ဆောင်ရွက်ပေးရန် တောင်းဆိုမှုများပြုလုပ်ခြင်း စသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို လုပ်ဆောင်မည့် ပြည်သူလူထု၏ အသိအမြင်ကျယ်ပြန့်မှုနှင့် လူမှုရေးဆိုင်ရာတာဝန်ယူမှုသည် အရေးကြီးပါသည်။

## ဆောင်ရွက်ရမည့်နည်းလမ်းများ

ပြည်သူတစ်ဦးချင်းစီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရန်အတွက် အဂတိလိုက်စားမှုများကို သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းထံ သတင်းပို့တိုင်ကြားစေခြင်း သို့မဟုတ် သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ဖော်ပြောဆိုစေခြင်း၊ အဂတိလိုက်စားမှု လုံးဝမရှိစေရေးနှင့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် ယဉ်ကျေးမှု တစ်ရပ်ဖြစ်ထွန်းလာစေရေးအတွက် သင်တန်းများ ပေးခြင်း၊ စိတ်ဓာတ်နိုးကြားတက်ကြွစေမည့် စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ခြင်းများ စသည့် နည်းလမ်းများကို လုပ်ဆောင်သွားရန် လိုအပ်ပါသည်။ နည်းပညာတိုးတက်လာနေသည့် ယနေ့ခေတ်တွင် အဂတိလိုက်စားမှုများကို သတင်းပေးတိုင်ကြားရာတွင် အွန်လိုင်းအသုံးပြု၍ အီးမေးလ်ဖြင့်သော်လည်းကောင်း၊ မိုဘိုင်းဖုန်းများမှတစ်ဆင့် SMS အသုံးပြု၍ဖြစ်စေ၊ Application အသုံးပြု၍ဖြစ်စေ အလွယ်တကူ တိုင်ကြားနိုင်ပြီဖြစ်သည်။ နိုင်ငံတကာရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများ အနေဖြင့် Website များ တည်ထောင်၍ သတင်းပေးတိုင်ကြားခြင်းများကို လက်ခံရုံသာမက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်လာစေရေးအတွက် အများပြည်သူ အသိပညာပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ အဂတိလိုက်စားမှုကို ထိထိရောက်ရောက် တိုက်ဖျက်နိုင်ရန်အတွက် ပြည်သူလူထု ပူးပေါင်းပါဝင်မှု ရှိလာစေရေး ဆောင်ရွက်ရာတွင် ပြည်သူလူထုအနေဖြင့် တာဝန်သိစိတ်ဖြင့် တာဝန်ယူမှုရှိစေရေးသာမက ထိုသို့ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင်ဖြစ်လာစေရန် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

> ❊ ပြည်သူတစ်ဦးချင်းစီ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရန်အတွက် အဂတိလိုက်စားမှုများကို သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းထံ သတင်းပို့တိုင်ကြားစေခြင်း သို့မဟုတ် သတင်းမီဒီယာများ မှတစ်ဆင့် ထုတ်ဖော်ပြောဆိုစေခြင်း၊ အဂတိလိုက်စားမှု လုံးဝမရှိစေရေးနှင့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် ယဉ်ကျေးမှု တစ်ရပ်ဖြစ်ထွန်းလာစေရေးအတွက် သင်တန်း များပေးခြင်း၊ စိတ်ဓာတ်နိုးကြားတက်ကြွစေမည့် စည်းရုံး လှုံ့ဆော်မှုများပြုလုပ်ခြင်းများ စသည့်နည်းလမ်းများကို လုပ်ဆောင်သွားရန် လိုအပ်

## ပြည်သူလူထု၏ မျှော်လင့်ချက်

လူ့အဖွဲ့အစည်း၊ နိုင်ငံများအလိုက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုပုံစံသည် ၎င်းတို့၏ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် နိုင်ငံရေးအခြေအနေပေါ်မူတည်၍ ကွဲပြားခြားနားလေ့ရှိသည်။ ပြည်သူလူထု၏ အစိုးရရုံးဌာနများအပေါ် မျှော်လင့်ထားသည့်အချက်မှာ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကျင့်ဝတ်နှင့်မလျော်ညီသည့် အပြုအမူများ မပြုလုပ်ဘဲ တာဝန်ယူမှု၊ တာဝန်ခံမှုများရှိရေးပင်ဖြစ်ပြီး အပြန်အလှန်အားဖြင့် အစိုးရရုံးဌာနများအနေဖြင့်လည်း အများပြည်သူ၏ ယုံကြည်မှုကို ရရှိထိန်းသိမ်းရန် ကျင့်ဝတ်နှင့်အညီ လုပ်ဆောင်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်ပေးရန်လိုအပ်သည်။ အစိုးရရုံးဌာနများအပေါ် ပြည်သူလူထု၏ ယုံကြည်မှုများရရှိရန် ခက်ခက်ခဲခဲအချိန်ယူ လုပ်ဆောင်ရသော်လည်း ယုံကြည်မှု ပျောက်ဆုံးရန်အတွက်မူ လွယ်ကူလှသည်ကို သတိပြုရမည်ဖြစ်သည်။ ပြည်သူလူထု၏ ယုံကြည်မှု ပျောက်ဆုံးသွားလျှင် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်မှုများ လျော့နည်းသွားပြီး အဂတိလိုက်စားမှုများဆီသို့ ဦးတည်သွားနိုင်သည်။ ထိုနည်းတူစွာ အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများသည်လည်း အောင်မြင်နိုင်မှု နည်းပါးသွားနိုင်ပါသည်။

## အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု

တိုးတက်ပြောင်းလဲလာသော ယနေ့နည်းပညာခေတ်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ရပ်ကွက်၊ ကျေးရွာ၊ မြို့အတွင်း ဖွဲ့စည်းထားခြင်းသာမဟုတ်ဘဲ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစသည့် အကြောင်းအရာများတွင် ၎င်းတို့အခန်းကဏ္ဍ၏ အရေးပါမှုတိုးလာပြီး အုပ်ချုပ်မှုဖြစ်စဉ်များအပေါ် လွှမ်းမိုးမှုရှိလာသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ဆောင်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် နည်းလမ်းများမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် သုတေသန ပြုလုပ်ခြင်းများ၊ အဂတိလိုက်စားမှုဖြစ်ပွားနိုင်ခြေရှိသည်များကို စောင့်ကြည့်ခြင်း၊

*စာမျက်နှာ ၂၁ သို့*

## ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**ပဲခူး ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ရပ်ကွက်/ ကျေးရွာ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲ ပြုလုပ်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ ရှေ့ဆက်သွားမည့် Road Map (၅) ချက်နှင့် ရွေးကောက်ပွဲဆိုင်ရာ ဖြစ်စဉ်အခြေအနေမှန်များ၊ လူမှုကွန်ရက်ပေါ်မှ မဟုတ်မမှန် သတင်းဖြန့်နေမှု အခြေအနေများ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ အရေးပါသော အခန်းကဏ္ဍအကြောင်းကို ရှင်းလင်းပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး လှမျိုးရွှေက လုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်နိုင်ရေးကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးစိုးသိန်းက နေ့စဉ်ညှိစာရင်း စစ်ဆေးခြင်းနှင့် One Village One Product ဒေသထွက်ကုန်များ တန်ဖိုးမြှင့် ထုတ်လုပ်ရောင်းချနိုင်ရေး ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာများကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင်(၅) ရဲမှူးကြီး ကျော်ထွဋ်က တရားဥပဒေစိုးမိုးရေးနှင့် ကာကွယ်ခုခံပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လမ်းအဆင့်မြှင့်တင်နိုင်ရေး၊ လျှပ်စစ်မီးရရှိနိုင်ရေး၊ ကျန်းမာရေးဝန်ထမ်း လိုအပ်ချက်၊ ကျောင်းဆရာ ဆရာမ လိုအပ်ချက်၊ ကျေးလက်တံတားပြုပြင်နိုင်ရေး လိုအပ်ချက်နှင့် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## တနင်္သာရီတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ထားဝယ် ဇူလိုင် ၅**

တနင်္သာရီတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၁)ကို ဇူလိုင် ၄ ရက်က ထားဝယ်မြို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ကျော်ဇေယျက တိုင်းဒေသကြီးတွင် ပိုးတွေ့ရှိသူ ထားရှိမည့် အသွားအလာကန့်သတ် စောင့်ကြည့်ရေး နေရာများ ဖွင့်လှစ်ထားရှိမှု၊ တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးရာ တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ရခိုင်ပြည်နယ် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန သင်တန်းကျောင်းများတွင် သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ

**စစ်တွေ ဇူလိုင် ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနများက ရခိုင်ပြည်နယ် ဦးစီးမှူးရုံးစစ်တွေ ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း စစ်တွေ၊ မင်းပြား၊ မောင်တော၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်း ကျောင်း ကျောက်ဖြူ၊ ပုဏ္ဏားကျွန်း အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း မောင်တော၊ မင်းပြား၊ အမ်း စုစုပေါင်း သင်တန်းကျောင်း ရှစ်ကျောင်း၌ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသား သင်တန်းသူများက ယမန်နေ့က မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို သက်ဆိုင်ရာကျောင်းအလိုက် စိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်၊ အရိပ်ရ လေကာပင်နှင့် သရက်ပင် အစရှိသည့် ပျိုးပင်ပေါင်း ၆၆၅ ပင် စိုက်ပျိုးကြကြောင်း ပြည်နယ် ဦးစီးမှူးရုံးမှ သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



## ကျောင်းကုန်းမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်

**ကျောင်းကုန်း ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၉) စက်မှုလယ်ယာစခန်းတွင် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါသင်တန်းကို ကျောင်းကုန်းမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအနေဖြင့် လယ်ယာကဏ္ဍတွင် စက်ကိရိယာများ ပိုမိုသုံးစွဲလာစေရန်၊ လက်တွန်းထွန်စက်၊ထွန်စက်ကြီး၊ ကောက်စိုက်စက်၊ စပါးရိတ်သိမ်းခြွေလှေ့စက်များ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်ရာတွင် စနစ်တကျ မောင်းနှင်ထိန်းသိမ်းတတ်စေရန်၊ စက်ကိရိယာများ စနစ်တကျ ကြံ့ခိုင်မှု ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကို ၁၂ ရက်ကြာ ပို့ချသင်ကြားပေးမည်ဖြစ်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ် - ၁၉ စည်းကမ်းချက်များနှင့်အညီ သင်ကြားပေးမည်ဖြစ်ကြောင်း၊ ယခုတက်ရောက်သင်ကြားသော သင်တန်းသားများအနေဖြင့် မိမိတို့ကျေးရွာများရှိ တောင်သူများကိုတစ်ဆင့် ပြန်လည် သင်ကြားပေးခြင်းဖြင့် စက်ကိရိယာများ ပျက်စီးမှုနည်းခြင်း၊ ရာသီချိန်တွင် စက်စွမ်းအားပြည့် ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမင်းဇော်က ပြောသည်။

**ဝင်းကြိုင်**
**(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အကြံဉာဏ်ပေးခြင်း စသည့်နည်းလမ်းများစွာရှိသည်။

အချို့သော အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများဖြင့် ရပ်တည်နေရသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အလှူရှင်များအလိုကျ လိုက်ပါဆောင်ရွက်ခြင်းမျိုးများ ရှိနိုင်ပြီး ထိထိရောက်ရောက်လုပ်ဆောင်နိုင်ခြင်းမရှိသည်များ ဖြစ်နိုင်သည်။ ထို့သို့ အယောင်ပြအဂတိလိုက်စားမှု တိုက်ဖျက်ရေး အရပ်ဖက်လူမှု အဖွဲ့အစည်းများရှိနေခြင်း၏ နောက်ဆက်တွဲဆိုးကျိုးအဖြစ် မှန်မှန်ကန်ကန်လုပ်ဆောင်နေသော အခြားအရပ်ဖက် လူမှုအဖွဲ့အစည်းများအပေါ် ပြည်သူလူထု၏ ယုံကြည်မှုများ လျော့နည်းကျဆင်းလာနိုင်သည်။


နိုင်ငံအများစုတွင် ရောဂါတစ်ခုကဲ့သို့ နှစ်ကာလကြာမြင့်စွာ အမြစ်တွယ်နေပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ဆုံးရှုံးနစ်နာမှုများကို ဖြစ်ပေါ်စေသည့် အဂတိလိုက်စားမှုများကို ပပျောက်သွားအောင် နိုင်ငံတော်မှ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်မှုများတွင် ပြည်သူလူထုနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းပါဝင်လုပ်ဆောင်ကြရာ၌ ထိရောက်အောင်မြင်မှုရှိစေရန်အတွက် နိုင်ငံတော်မှ ချမှတ်ပြဋ္ဌာန်းထားသော မူဝါဒများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်ဝင်တစားအလေးထား ပါဝင်ဆောင်ရွက်ကြပါရန် ဆန္ဒပြုတိုက်တွန်းလိုက်ရပါသည်။

**(ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှု ဆိုင်ရာရုံး ( UNODC) မှ ထုတ်ဝေသော E4J University Module Series: Anit-Corruption မှ Anti-Corruption Module 10: Citizen Partici-pation in Anti-Corruption Efforts တို့အား ကိုးကားပါသည်။)**

# ကိုဗစ်- ၁၉ ကူးစက်ကပ်ရောဂါနှင့် အိမ်တွင်းပြုစုမှု

ဒေါက်တာ မြင့်သန်း
(ညောင်လေးပင်)

ယခုအခါ ကိုဗစ် – ၁၉ ကူးစက်ကပ်ရောဂါကြီး ကမ္ဘာတစ်ဝန်း လှိုင်းတံပိုးကြီးသဖွယ် ပျံ့နှံ့လာနေပြီ ဖြစ်ပါသည်။ ယခုအချိန်မှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ဗီဇပြောင်းမိုင်းရပ်စ်များအဖြစ်လည်း ကူးစက်ပျံ့နှံ့လာသည်ကို တွေ့ရပါသည်။ ရောဂါပိုးကူးစက်ခံရသူများအတွက် ဆေးကုသမှုပေးရာတွင် ဆေးရုံများမှာ အခက်အခဲများရှိလာနေသည်ကိုလည်း နိုင်ငံအများအပြားတွင် တွေ့ရပါသည်။ လိုအပ်သူများကိုသာ ဆေးရုံတက်ကုသစေခြင်းကို ဦးစားပေးပြီး ပိုးတွေ့ရောဂါလက္ခဏာမရှိသူများ၊ အသက်အရွယ်ကောင်း ပိုးတွေ့သူများ၊ ရောဂါအခံကင်းသူ၊ နည်းပါးသူများစသည်တို့ကို မိမိတို့နေအိမ်များမှာပင် ခွဲခြားနေထိုင်၊ ပြုစုစောင့်ရှောက်မှုများကို ဆောင်ရွက်လာရာ ယင်းနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်ပုံများကို တင်ပြလိုပါသည်။




### အိမ်တွင်ပြုစုသင့်သူများ

အသက် ၆၀ နှစ်အောက်ရှိသူ၊ ရောဂါလက္ခဏာမပြင်းထန်သူ၊ ဆေးလိပ်မသောက်တတ်သူ၊ ရှိသင့်သည့် ကိုယ်အလေးချိန်ထက် ပိုမများနေသူ၊ ရောဂါအခံမရှိသူ၊ နှလုံးနှင့်သွေးကြောဆိုင်ရာ ရောဂါများ၊ ဆီးချိုရောဂါ၊ နာတာရှည်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါများ၊ နာတာရှည်ကျောက်ကပ်ရောဂါများ၊ ခုခံအားကျဆင်းနေသောရောဂါတစ်ခုခု ခံစားနေရသူ၊ စတီးရွိုက်ဆေးနှင့် ခုခံအားကျဆင်းစေသော ဆေးတစ်မျိုးမျိုးသုံးစွဲနေရသူစသည်တို့ မရှိသူတို့ကို မိမိတို့အနေအိမ်မှာပင် မိသားစုများက ပြုစုစောင့်ရှောက်ပေးနိုင်သည်ဟု သိရပါသည်။

### ရောဂါလက္ခဏာများ

ကိုဗစ်– ၁၉ ကူးစက်ရောဂါဖြစ်ပွားသူတို့သည် ဦးစွာကိုယ်လက်မအီမသာဖြစ်မှုကို ခံစားကြရတတ်ပါသည်။ ထို့နောက် ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ နှာချေခြင်း၊ အနံ့ပျောက်ခြင်းစသည်တို့ ခံစားရတတ်ပါသည်။ အခြားလက္ခဏာများမှာ ဝမ်းလျှောဝမ်းပျက်ခြင်း၊ ဗိုက်နာခြင်း၊ မျက်စိနာခြင်း၊ ကိုက်ခဲခြင်း၊ အရေပြားပေါ်တွင် အကွက်များပေါ်ခြင်းစသည်တို့ ခံစားရတတ်ပါသည်။

### အရေးပေါ်အခြေအနေများ

အသက်ရှူခက်ခဲလာခြင်း၊ $PO_2$ခေါ် သွေးအတွင်း အောက်ဆီဂျင်ပမာဏ ကျဆင်းလာခြင်း၊ အရေပြားနှင့် နှုတ်ခမ်းများပြာနှမ်းလာခြင်း၊ ရင်ဘတ်တင်းကျပ်လာခြင်း၊ သတိလစ်မေ့မြောလာခြင်း စသည့်အခြေအနေများဖြစ်ပေါ်လာပါက အရေးပေါ်အခြေအနေဖြစ်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်ရပါမည်။

### အိမ်တွင်စောင့်ရှောက်သင့်သည့် ကာလ

ထိုသို့ နေအိမ်၌နေထိုင်ရာတွင် ရောဂါလက္ခဏာ စတင်ခံစားရသည့် ပထမနေ့မှ ၁၀ ရက် ပိုမိုစိတ်ချရစေရန် ယင်းကို လေးရက်ပိုဆောင်း၍ အနည်းဆုံး ၁၄ ရက်ခန့်အထိ နေထိုင်ရပါမည်။ ကိုယ်ပူခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ လုံးဝပျောက်ကင်းပြီး သုံး–လေးရက်အကြာအထိ နေထိုင်ရန်ဖြစ်ပါသည်။

ရောဂါပိုးတွေ့ရှိကြောင်း စစ်ဆေးတွေ့ရှိရသော်လည်း မည်သည့်ရောဂါလက္ခဏာမျှ မပြသူများအနေဖြင့် အနည်းဆုံး ၁၀ ရက် မိမိနေအိမ်မှာနေရပါမည်။ ၁၀ ရက်ပြည့်ပြီးပါက နောက်ထပ်တစ်ကြိမ် ပိုး ရှိ မရှိ စစ်ဆေးပြီး မရှိကြောင်း အတည်ပြုခံရပြီးမှ နေအိမ်၌နေထိုင်မှုကို အဆုံးသတ်နိုင်ပါသည်။

### ရောဂါပိုးစစ်ဆေးတွေ့ရှိသဖြင့် မိမိ၏အိမ်တွင်နေထိုင်ခြင်း

နေအိမ်တွင်သီးခြားခွဲနေပါ။ သီးသန့်အခန်းတွင် ကောင်းစွာအနားယူပါ။ အရည်များများသောက်ပါ။ ရောဂါဖြစ်နေသူနှင့် နေအိမ်အတွက် လိုအပ်သော စားစရာ၊ ဆေးဝါးနှင့် အခြားအသုံးအဆောင်တို့ကို မပြတ်လပ်စေအောင် ဖြည့်ဆည်းပေးထားပါ။

နေအိမ်တံခါးများကို ဖွင့်ထားပါ။ လေကောင်းလေသန့်ရစေရန်ဖြစ်သည်။ ရောဂါကူးစက်နေသူ၏ ပန်းကန်ခွက်ယောက်များကို သီးသန့်ထားပါ။ ယင်းတို့ကို လက်အိတ်စွပ်ပြီး ရေနွေးဖြင့်ဆေးကြောပေးပါ။ သန့်စင်ခန်းကိုလည်း ရောဂါရှင်အတွက် သီးသန့်ထားပေးပါ။

ပါးစပ်၊ နှာခေါင်းစည်းတပ်ထားပါ။ မကြာခဏ လက်ဆေးပါ။ စက္ကန့် ၂၀ ခန့်ကြာအောင် လက်ဆေးပါ။ ဆပ်ပြာသုံးပါ။ အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်းပါသော လက်ဆေးရည်သုံးနိုင်ပါသည်။ မိမိ၏ လက်ဖြင့် မျက်နှာ၊ ပါးစပ်၊ မျက်လုံးစသည်တို့ကို အတတ်နိုင်ဆုံး မထိမိပါစေနှင့်။ အိမ်မွေးတိရစ္ဆာန်များနှင့် နီးကပ်စွာ ထိတွေ့မှုရှောင်ပါ။ ထိတွေ့မှုနည်းပါစေ။

စကားပြော၊ သီချင်းဆို၊ နှာချေ၊ ချောင်းဆိုး၊ ချောင်းဟန့်ရာတို့မှ အိမ်တွင်းနေသူတို့ထံ အလွယ်တကူ ကူးစက်နိုင်ပါသည်။ အနည်းဆုံးခြောက်ပေခွာနေပါ။ ပါးစပ်၊ နှာခေါင်းစည်းတပ်ပါ။ ဧည့်သည်မလာရပါ။ တွေ့ဆုံ ခြင်းမပြုရပါ။ တယ်လီဖုန်းမှသာ ဆက်သွယ်ပါ။

### အတူနေစောင့်ရှောက်သူများ

အတူနေစောင့်ရှောက်သူတို့ အနေဖြင့် ရောဂါရှိနေသူနှင့် အတူနေရင်း မိမိတွင် ကိုဗစ်– ၁၉ ရောဂါလက္ခဏာများ ခံစားရခြင်း ရှိ မရှိကို သတိထားစောင့်ကြည့်ပါ။ အတူနေစောင့်ကြည့်သူတို့သည် ရောဂါကူးစက်ခံနေရသူနှင့် တွေ့ဆုံရသည့်နေ့မှ ၁၄ ရက်ကြာအထိ၊ ထိုနေအိမ်တွင်နေရပါမည် သို့မဟုတ် ရောဂါကူးစက်ခံနေရသူ၏ နေအိမ်တွင်သီးသန့်ခွဲနေရသည့်ကာလပြီးဆုံးသည်အထိ နေရပါမည်။

နေအိမ်တွင်း သန့်ရှင်းရေးဆောင်ရွက်ပါ။ ထိတွေ့ကိုင်တွယ်သည့် နေရာများအားလုံးကို ပိုးသန့်စင်စေသော ဆေးများနှင့် ဆေးကြောပါ။

### ပိုးတွေ့အတည်ပြုခံရသူနှင့် တွေ့ဆုံမိခဲ့လျှင်

ရောဂါကူးစက်ခံနေရသူနှင့် အတူမနေရသည့်တိုင် ပိုးတွေ့အတည်ပြုလူနာနှင့် တွေ့ဆုံမိခဲ့ခြင်း၊ ခရီးသွားမိခဲ့ခြင်း စသည်တို့ရှိခဲ့ပါက မိမိနေအိမ်မှာပင် ၁၄ ရက် အပြင်မထွက်ဘဲနေထိုင်ပါ။ ပါးစပ်၊ နှာခေါင်းစည်းတပ်၊ လက်ဆေး၊ အတူနေသူများနှင့် ခပ်ခွာခွာနေခြင်း စသည့် စည်းမျဉ်းများကိုလိုက်နာပါ။ ရောဂါလက္ခဏာများကို လေ့လာပါ။

နေအိမ်တွင်း သန့်ရှင်းရေး ဆောင်ရွက်ပါ။ ထိတွေ့ကိုင်တွယ်သည့်နေရာများ အားလုံးကို ပိုးသန့်စင်စေသောဆေးများနှင့် ဆေးကြောပါ။

### အစားအစာများ

ကစီဓာတ် (carbohydrates)၊ အချိုဓာတ်များသောအစာများက သွေးအတွင်းအချိုဓာတ်နှင့် သွေးတိုးခြင်းများဖြစ်စေနိုင်ပါသည်။ Beta carotene,Vitamin C နှင့် အခြားအာဟာရဓာတ်ကြွယ်ဝသောသစ်သီး၊ ဟင်းသီးဟင်းရွက်များစားပါ။ အစိမ်းရောင်ရှိဟင်းနုနယ်၊ ဂေါ်ဖီ၊ ပူစီနံ၊ အခြားသီးနှံများဖြစ်သော ထောပတ်သီး၊ ခရမ်းချဉ်သီး၊ မှိုအမျိုးမျိုး၊ ကြက်သွန်ဖြူ/နီ စသည်တို့သည် ခုခံအားစနစ်ကို ကောင်းမွန်စေပါသည်။

အိုမီဂါသရီးနှင့် ဖက်တီး အက်စစ်များပါဝင်သော အားဖြည့်ဆေးတို့ကို သုံးဆောင်နိုင်ပါသည်။ သဘာဝအတိုင်း အလားတူ အာနိသင်ပေးနိုင်သည်များမှာ ချင်း(ဂျင်း)၊ နနွင်း၊ gooseberries (amla)စသည်တို့ဖြစ်ကြောင်း သိရပါသည်။ နှမ်းကြူတ်စေ့၊ ဖရုံစေ့၊ ဖရဲစေ့၊ ဗာဒံစေ့ စသည့် အစေ့အဆန်များမှာ ပရိုတိန်း(အသားဓာတ်)နှင့် ဗီတာမင်အီးတို့ ကြွယ်ဝပါသည်။ ခန္ဓာကိုယ်အကျိုးပြု ဘက်တီးရီးယားများပါဝင်သော ဒိန်ချဉ်ကို သုံးဆောင်သင့်ပါ သည်။ အထူးသဖြင့် ကိုဗစ်– ၁၉ ကြောင့်ဖြစ်ပေါ်တတ်သော Cytokine storm ခေါ်ကိုယ်ခံဓာတ်၏ ပြင်းထန်စွာ တုံ့ပြန်တတ်မှုကို ဟန့်တားပေးနိုင်ကြောင်း သိရပါသည်။ အသက်ကြီးသူများအတွက်လည်း အထူးသင့်လျော်ပါသည်။

*စာမျက်နှာ ၂၃ သို့*

> **နေအိမ်တွင်သီးခြားခွဲနေပါ။ သီးသန့်အခန်းတွင် ကောင်းစွာအနားယူပါ။ အရည်များများသောက်ပါ။ ရောဂါဖြစ်နေသူနှင့် နေအိမ်အတွက် လိုအပ်သော စားစရာ၊ ဆေးဝါးနှင့် အခြားအသုံးအဆောင်တို့ကို မပြတ်လပ်စေအောင် ဖြည့်ဆည်းပေးထားပါ။**




ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်အတွင်းရှိ နန်ကသူဆည်ရေလှောင်တမံ၌ ဇူလိုင် ၄ ရက်က ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ပြုလုပ်ရာ အမှတ် (၅)တပ်မတော် တန်းမြင့်လေ့ကျင့်ရေး သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဇော်မြင့်ဦး၊ ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင့်လွင်၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများ၊ ခရိုင်ငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် နန်ကသူဆည်ရေလှောင်တမံမှ တာဝန်ရှိသူများက ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၅၀၀၀ ကို ငါးမျိုးစိုက်ထည့်စဉ်။

မန်းကျော်(ပြန်/ဆက်)

# သနပ်ပင်မြို့နယ် ပုဂံ-ညောင်ပင်ရေလှောင်ပေါက်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**နေပြည်တော် ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဇွန်လနောက်ဆုံးပတ်က သနပ်ပင်မြို့နယ် ထောင်မင်းကျေးရွာရှိ ပုဂံ-ညောင်ပင်ရေလှောင်ပေါက်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယ တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးစိုးမင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်၊ သနပ်ပင်မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးသိန်းမြင့်အေးနှင့် ကော်မတီ အဖွဲ့ဝင်များငါးမွေးမြူရေးလုပ်ငန်းရှင် ဦးသက်နောင်၊ သနပ်ပင်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး နှင့် ဝန်ထမ်းများ၊ သနပ်ပင် ငါးလုပ်ငန်းစခန်းတာဝန်ခံများနှင့် ဝန်ထမ်းများတက်ရောက်ကြပြီး သနပ်ပင် ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ ၁၆၀၀၀၀ နှင့် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ကြောင်း သိရသည်။

သတင်းစဉ်




## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါ အချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သော နေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထား ပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ် အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

*စာမျက်နှာ ၂၂ မှ*

### အိပ်စက်အနားယူပါ

အနည်းဆုံး ၇ နာရီမှ ၈ နာရီခန့် အိပ်စက်ပါ။ အိပ်စက်မှုကြောင့် ခုခံအားစနစ်များ ကောင်းမွန်လာစေပါသည်။ လေ့လာမှုတစ်ခုအရ ကောင်းစွာအိပ်စက်နိုင်သူတို့တွင် Flu vaccine တုပ်ကွေးကာကွယ်ဆေး၏အစွမ်းကို ကောင်းစွာတုံ့ပြန်ကြောင်း သိရပါသည်။

### အရည်များများသောက်ပါ

နေ့စဉ်ရေ ၈-၁၀ ခွက်မျှသောက်ပါ။ကိုယ်တွင်းရှိအဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်ပါသည်။ သစ်သီးရည်၊ အုန်းရည်၊ အရည်ရွှမ်းသောလိမ္မော်၊ ရှောက်ရည် စသည်များလည်း သောက်သုံးပေးနိုင်ပါသည်။

### ကိုယ်လက်လှုပ်ရှားပါ

လှုပ်ရှားပါ။ ကစားပါ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(WHO)က မိမိနှင့် သင့်လျော်သော ကိုယ်လက်လှုပ်ရှားမှုကို ရက်သတ္တပတ်လျှင် အနည်းဆုံး မိနစ် ၁၅၀ ခန့်လုပ်ပါဟု တိုက်တွန်းထားပါသည်။ တစ်ကြိမ်လျှင် မိနစ် ၃၀ မှ ၄၅ မိနစ်ခန့်လုပ်နိုင်ပါသည်။ ကိုယ်လက်လှုပ်ရှားမှု မှန်မှန်လုပ်ခြင်းကြောင့် သွေးဖြူဥခုခံအား ဆဲလ်များ ဖွံ့ဖြိုးများပြားလာစေနိုင်ကြောင်း သိရပါသည်။

### မိမိကိုယ်ကိုဖြေလျှော့ပါ

တရားထိုင်ပါ။ စိတ်သောကဖိစီးမှုများကို ဖယ်ထုတ်ပါ။ တရားနာပါ။ စာကောင်းပေမွန်များဖတ်ပါ။ ရယ်ရွှင်ဖွယ်များဖတ်ပါ။ ကြည့်ရှုပါ။ မိတ်ဆွေများနှင့် ဖုန်းပြောပါ။ ဆေးလိပ်မသောက်ပါနှင့်။ အရက်၊ မူးယစ်ဆေးဝါး စသည်တို့ရှောင်ပါ။

### အားဖြည့်ဆေးများ

ဗီတာမင်စီ၊ ဇင့်၊ အယ်လ်ဒါဘယ်ရီ ဆေးပြား၊ နနွင်းနှင့် ကြက်သွန်ဖြူဆေးတောင့်များ- နနွင်းတွင် curcumin အမည်ရှိဒြပ်ပေါင်းပါဝင်ပြီး ခုခံအားစနစ်ကောင်းစေပါသည်။ ကြက်သွန်ဖြူတွင် ရောင်ရမ်းမှုကိုလျော့ကျစေသော အာနိသင်ရှိသလို ဗိုင်းရပ်စ်ပိုးများ၏ အဆိပ်အတောက်များကိုလည်း ချေဖျက်နိုင်ပါသည်။

အိန္ဒိယနိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာန AYUSH က အောက်ပါအချက်များ ညွှန်ကြားထားသည်ကိုလည်း တွေ့ရပါသည်။

၁။ တစ်နေ့လုံး ရေနွေးနွေးသောက်ပါ။

၂။ တရားထိုင်ပါ။ ယောဂကျင့်စဉ်လုပ်ပါ။ pranayama (prana=vital life of force အသက်၏ အဓိကအင်အား၊ yama = gain control ထိန်းသိမ်းနိုင်ခြင်း) လုပ်ပါ။ ယင်းသည် အသက်ရှူခြင်းကို သိမှတ်အားပြုခြင်းဖြင့် အောက်ဆီဂျင်ဓာတ်မျှတစွာရရှိစေသည်ဟု ဆိုပါသည်။

၃။ နနွင်း၊ ကြက်သွန်ဖြူ စားပါ။

၄။ အချိုရှောင်ပါ။

၅။ ကရဝေး၊ ပူစီနံတို့ကိုရေနွေးစိမ်ပြီး အငွေ့ရှူပါ စသည်တို့ဖြစ်သည်။

ကိုဗစ်- ၁၉ ကူးစက်ရောဂါအတွက် မိမိတို့နေအိမ်တွင်လိုအပ်သော နေထိုင်ပြုစုခြင်းများဖြင့် ကာကွယ်ထိန်းသိမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။ ။

References--

Caring sick at Home(CDC-Centers for Disease control and Prevention).

Boost Your Immunity against COVID19 (Narayana Health –India)

## ကျောက်ဆည်မြို့တွင် မျိုးစေ့ကုန်ကျမှုသက်သာသည့် ပျိုးဗန်းစနစ်ဖြင့် စပါးများပျိုးထောင်လာ

**ကျောက်ဆည် ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အတွင်းမှ စပါးစိုက်တောင်သူများအနေဖြင့် စပါးပင်များ ပျိုးထောင်ရာတွင် မြေနေရာ ကျဉ်းကျဉ်းနှင့် မျိုးစေ့ကုန်ကျမှုသက်သာသော ပျိုးဗန်းစနစ်ဖြင့် စပါးများပျိုးထောင်လာကြကြောင်း သိရသည်။

ပျိုးဗန်းစနစ်ဖြင့် စပါးပင်များ ပျိုးထောင်ရာတွင် အလျား နှစ်ပေ၊ အနံ တစ်ပေ၊ အမြင့် တစ်လက်မရှိ ပလတ်စတစ် ပျိုးဗန်းများပေါ်၌ ရေဆွတ်ထားသည့် သတင်းစာစက္ကူများခင်းပြီး နုန်းမြေ သုံးဆ၊ ဖွဲပြာ တစ်ဆ ရောထည့်ကာ စပါးမျိုးစေ့ နို့ဆီဘူး တစ်ဘူးခန့်ကို ညီညာစွာ ဖြူးရကြောင်း၊ ထို့နောက် ဖွဲပြာဖုံး၍ ရေလောင်းပြီး ပျိုးထောင်ရကြောင်း၊ အပင်ပေါက် ညီညာစေရန်အတွက် ပျိုးဗန်းများကို လေဝင် လေထွက် ကောင်းသည့် အရိပ်တွင် ထားရှိပေးကာ ရေဖျန်းခြင်းများ ဆောင်ရွက်ပေးရပြီး လိုအပ်ပါက အမြစ်ပွားဆေး အသုံးပြုပေးရကြောင်း သိရှိရသည်။

ပျိုးဗန်းစနစ်ဖြင့် စပါးစိုက်ပျိုးမည်ဆိုပါက စပါးတစ်ဧကအတွက် မျိုးစေ့ ရှစ်ပြည်မှ ၁၀ ပြည်အထိ အသုံးပြုရပြီး စိုက်ပျိုးရာတွင်လည်း ပျိုးသက်နုချိန် ၁၄ ရက်မှ ၁၆ ရက်အတွင်း စိုက်ပျိုးရသောကြောင့် အပင်ပွားနှုန်း ကောင်းသလို စပါးထွက်နှုန်းလည်း ကောင်းမွန်ကြောင်း၊ ထို့ကြောင့် စပါးစိုက်တောင်သူများအနေဖြင့် စိတ်ဝင်စားမှု များပြားလာပြီး ပျိုးဗန်းစနစ်ဖြင့် ပျိုးထောင်ခြင်းကို ပိုမို လုပ်ဆောင်လာကြကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



စပါးပင်များကို ပျိုးဗန်းစနစ်ဖြင့် ပျိုးထောင်ထားစဉ်

## တံတားဦးမြို့နယ် ဆေးခင်းကြီးကြိုးပြင်ကာကွယ်တော ထင်းစိုက်ခင်းတွင် သစ်ပင်များစိုက်ပျိုးပြီးစီး

**တံတားဦး ဇူလိုင် ၅**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနသည် မြို့နယ်အတွင်း သက္ကယ်ကျင်းကျေးရွာအနီးရှိ ဆေးခင်းကြီး ကြိုးပြင်ကာကွယ်တောမှ ကျေးရွာသုံးစိုက်ခင်း၌ ကျေးရွာထင်းလောင်စာ ရရှိရေးအတွက် သစ်ပင်များစိုက်ပျိုးခဲ့ရာ ဇူလိုင် ၅ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

ဆေးခင်းကြီး ကြိုးပြင်ကာကွယ်တောသည် အကျယ်အဝန်း ဧက ၅၀ ရှိပြီး ကျောက်ကြေမြေနု၊ သဲဝန်းစနယ်မြေဖြစ်ရာ မူလတောအမျိုးအစားအနေဖြင့် အပူပိုင်း တောခြောက်တောဖြစ်ကြောင်း၊ သဘာဝအလျောက် ပေါက်ရောက်သောအပင်များမှာ သန်း၊ ဒဟတ်၊ နဘဲနှင့် ရှားပင်များဖြစ်ကြောင်း၊ မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက ယခု ထပ်မံစိုက်ပျိုးသည့် ပျိုးပင်များမှာ ၁၅ ကေ၌ ယူကလစ်ပင် ၈၁၀၀၊ ၁၆ ဒသမ ၅ ကေ၌ ရှားပင် ၈၉၁၀၊ ၁၆ ဒသမ ၅ ကေ၌ အညာကုက္ကိုပင် ၈၉၁၀ နှင့် နှစ်ကေ၌ မျှင်ဝါးပင် ၁၀၈၀၊ စုစုပေါင်း ဧက ၅၀ ၌ ပျိုးပင်ပေါင်း ၂၇၀၀၀ ကို စိုက်ပျိုးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ယခုစိုက်ပျိုးထားသည့် ပျိုးပင်များ ရှင်သန်ကြီးထွားလာပါက သက္ကယ်ကျင်းကျေးရွာသုံး ထင်းစိုက်ခင်း ဖြစ်လာမည်ဖြစ်ကြောင်း၊ ကျေးရွာသုံးစိုက်ခင်း စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်မှာ ကျေးလက်နေ ပြည်သူများ၏ လိုအပ်ချက်ဖြစ်သော သစ်၊ တိုင်၊ မျော၊ ထင်း စသည့် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှူး ဦးကျော်ဇင်ထွန်းက ပြောသည်။

တံတားဦးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန အနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း သင်ပန်း(အမြဲတမ်း) ပျိုးဥယျာဉ်တွင် ကျေးရွာသုံးစိုက်ခင်း ဧက ၅၀ အတွက် ပျိုးပင်ပေါင်း ၃၃၇၅၀၊ တောင်တန်းစိုက်ခင်း ဧက ၄၀ အတွက် ပျိုးပင်ပေါင်း ၂၀၁၅၀၊ တစ်အုပ်တစ်မ အထူးစိမ်းလန်းစိုပြည်ရေး စိုက်ခင်းအတွက် ပျိုးပင်ပေါင်း ၆၆၀၀၊ စုစုပေါင်း ပျိုးပင် ၆၀၅၀၀ ကို ပြုစုပျိုးထောင်ထားကြောင်းလည်း သိရသည်။

**ရဲတင့်(တံတားဦး)**



ထင်းစိုက်ခင်းအတွင်း စိုက်ပျိုးပြီးသော ပျိုးပင်များ

## ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးဝင်းအတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲပြုလုပ်

**ပူတာအို ဇူလိုင် ၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဦးဆောင်ကာ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုအဖြစ် ရုံးဝင်း အတွင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပွဲတွင် ပူတာအိုခရိုင် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်ထွန်းက လေထုသန့်စင်ရန်နှင့် ရာသီဥတုမျှတစေရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝ သယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့စေရန် ရည်ရွယ်လျက် စိုက်ပျိုးရခြင်းဖြစ်ကြောင်း၊ မိမိတို့စိုက်ပျိုးထားသည့် သစ်ပင်များ ပျက်စီးဆုံးရှုံးမှုမရှိဘဲ ဆက်လက်ရှင်သန်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြစေလိုကြောင်း ပြောကြားပြီးနောက် စိုက်ပျိုးမည့် ပျိုးပင်များကို နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပူတာအို) ကျောင်းအုပ်ဆရာကြီး ဦးသိန်းလှမောင်နှင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (ပူတာအို) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးရီ တို့ထံ ပေးအပ်သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဒုတိယ ညွှန်ကြားရေးမှူးနှင့်အတူ ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဝန်ထမ်းများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပူတာအို)နှင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(ပူတာအို) တို့မှ ကျောင်းအုပ်ကြီးများနှင့် နည်းပြဝန်ထမ်းများက အာဆီယံသပြေ ၁၀ ပင်၊ ဂရိတ်ဖရုပင် ၁၅ ပင်၊ ပိန္နဲပင် ၁၀ ပင်၊ ငုဝါပင် ၁၀ ပင်၊ ရေပိတုန်းသစ် ၁၅ ပင်၊ တောင်တမာ ၁၀ ပင်၊ သရက် ငါးပင် စသည့် လေကာပင်၊ ပန်းအလှပင်များနှင့် နှစ်ရှည် သီးပင်စားပင်များကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## သထုံခရိုင်အတွင်း မြို့နယ်လေးခုရှိ ကျေးရွာ ၂၅ ရွာမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**သထုံ ဇူလိုင် ၅**

မွန်ပြည်နယ် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ သထုံ၊ ကျိုက်ထို၊ ဘီးလင်းနှင့် ပေါင်မြို့နယ်တို့အတွင်းမှ ကျေးရွာ ၂၅ ရွာ၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးမိုးဝင်းထံမှ သိရသည်။

ကျေးရွာအလိုက် ဆောင်ရွက်ခဲ့သော လုပ်ငန်းများမှာ သထုံမြို့နယ်၌ တောင်ပိုင်းကျေးရွာတွင် ရေသွယ်မြောင်းတူးခြင်းလုပ်ငန်းများ၊ ကွင်းစပ်ကျေးရွာတွင် ၅၅၅ ပေအရှည် ကွန်ကရစ်လမ်းခင်းခြင်း၊ တောင်စွန်းကျေးရွာတွင် သုသာန်လမ်းခင်းခြင်း ပေ ၃၅၀ နှင့် ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ပေ ၂၂၀၊ ဝမ်းဘဲအင်းကျေးရွာတွင် ကျောက်ရောခင်းခြင်း အရှည် ၅၈၄ ပေ၊ မြတ်စံကျေးရွာတွင် လေးလက်မ စက်ရေတွင်းနှင့် ဂါလန် ၁၂၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ ကျိုက်ထိုမြို့နယ်၌ ကော့စံကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း အရှည်ပေ ၅၆၀၊ အင်းဝကျေးရွာတွင် ဂဝံမြေသားလမ်းခင်းခြင်း အရှည် ပေ ၆၀၀၀၊ ဘီးလင်းမြို့နယ်၌ ရွှေအင်ဒုံကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း အရှည်ပေ ၆၅၀၊ ကျောင်းရွာကျေးရွာတွင် ဂဝံမြေသားလမ်းခင်းခြင်း အရှည် ပေ ၆၈၆၀၊ ဝဲကြီးကျေးရွာတွင် ဂဝံမြေသားလမ်းခင်းခြင်း အရှည်ပေ ၆၈၆၀၊ ခေါ်တိခီးကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်း၊ ဒညင်းကုန်းကျေးရွာတွင် ကွန်ကရစ်တံတား တည်ဆောက်ခြင်း၊ မရမ်းကုန်းရွာလေးတွင် စက်ရေတွင်းတူးခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း၊ ကွက်သစ်ကျေးရွာတွင် အရှည် ပေ ၄၂၀ ကွန်ကရစ်လမ်းခင်းခြင်း၊ ပေါင်မြို့နယ်၌ သဲအိမ်ကျေးရွာတွင် ကွန်ကရစ်လမ်း အရှည်ပေ ၅၀၀ ခင်းခြင်း၊ ညောင်ကုန်းကြီးကျေးရွာတွင် ရေကန် ခြံစည်းရိုးကာရံခြင်း၊ သိုးကျကျေးရွာတွင် ဂါလန် ၂၄၀၀ ဆံ့ ကွန်ကရစ်ရေစင် တည်ဆောက်ခြင်း၊ ကားတဲစုကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း အရှည် ပေ ၄၇၀၊ ကျုံဝကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း အရှည်ပေ ၅၆၀၊ သမြုချောင်ကျေးရွာတွင် ကွန်ကရစ် လမ်းခင်းခြင်း အရှည်ပေ ၅၂၀၊ ကတွန်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း၊ အင်းပြောင်ကျေးရွာတွင် ကျောက်ရောမြေခင်းခြင်း ပေ ၄၅၄၀၊ ကမာဘီကျေးရွာတွင် မြေသားရေကန်တူးဖော်ခြင်းနှင့် ရင်းငြိမ်(မြောက်) ကျေးရွာတွင် လျှပ်စစ်မီးသွယ်တန်းခြင်း ပေ ၁၁၀၀ စသည့် လုပ်ငန်းများဖြစ်သည်။ လက်ရှိအချိန်တွင် ယင်းလုပ်ငန်းအားလုံးကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းသည် ကျေးရွာများ၏ ပကတိ လိုအပ်ချက်များကို ကျေးလက်နေပြည်သူများကိုယ်တိုင် ဖော်ထုတ်ပြီး ဦးစားပေးအစီအစဉ်အလိုက် စီမံချက်များ ရေးဆွဲဖော်ထုတ်နိုင်စေရန်၊ ကျေးရွာများ၏ ဦးစားပေးစီမံချက်များအပေါ် အခြေခံ၍ နှစ်စဉ် ရန်ပုံငွေများလျာထားပြီး စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်နှင့် ကျေးရွာများမှထွက်ပေါ်လာသော စီမံချက်လုပ်ငန်းများကို မြို့နယ်အဆင့် ဦးစီးဌာန အသီးသီး၏ ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဆောင်ရွက်နေသော စီမံကိန်းတစ်ခုဖြစ်သည်။

**မိုးဝင်း(ကျေးလက်)**

# တနင်္သာရီမြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေး စတုတ္ထအသုတ် ပထမအကြိမ် ထိုးနှံပေး

**တနင်္သာရီ ဇူလိုင် ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး မထိုးနှံရသေးသော ဆရာ/ဆရာမများနှင့် ပညာရေးဌာန ဝန်ထမ်းများ၊ အသက် ၁၈ နှစ်ပြည့်ပြီးသော ဒေသခံပြည်သူများအား စတုတ္ထအသုတ်ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ပထမအကြိမ်အဖြစ် ဇူလိုင် ၄ ရက် နံနက်မှစ၍ ညနေပိုင်းအထိ ခုတင်(၅၀)ဆံ့ တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံအတွင်း ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးများကို တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံမှလက်ထောက်ဆရာဝန် ဒေါက်တာဒေါ်နွေးဟေမာသင်းက ဦးဆောင်ကြီးကြပ်၍ ညောင်ပင်ကွင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးမြတ်သီလနှင့် ကျန်းမာရေးဝန်ထမ်း ၁၀ ဦးတို့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

ဆေးထိုးပေးခြင်းမပြုမီ ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်စေခြင်း၊ ကိုယ်အပူချိန်တိုင်းခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ဆေးမထိုးရအုပ်စု စိစစ်၍ စနစ်တကျမှတ်ပုံတင်ခြင်း စသည်တို့ကို ဆောင်ရွက်ပေးပြီးမှ တရုတ်နိုင်ငံထုတ် (SARS-CoV-2 Vaccine Vero Cell) ရောဂါကာကွယ်ဆေးကို ထိုးနှံပေးခြင်းဖြစ်ကြောင်း၊ ကာကွယ်ဆေး ထိုးနှံပေးပြီးနောက် ဆေးဓာတ်မတည့်ခြင်းနှင့် ဆေး၏ဘေးထွက်ဆိုးကျိုးလက္ခဏာများ တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ချက်ခြင်း အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မိနစ် ၃၀ ခန့် စောင့်ကြပ်ကြည့်ရှုခြင်းကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယနေ့ ကာကွယ်ဆေးထိုးရာတွင် အခြေခံပညာရေးဌာနမှ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ စုစုပေါင်း ၈၈ ဦးနှင့် တနင်္သာရီမြို့ပေါ် ရှိ ချောင်းကြီးရပ်ကွက်နှင့် ချောင်းငယ်ရပ်ကွက်တို့မှ အသက် ၁၈ နှစ်ပြည့် ဒေသခံပြည်သူ ၃၇ ဦးတို့အား ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ပြီး ယနေ့ ဆေးထိုးခဲ့သူများသည် နောက်ထပ် ရက်သတ္တပတ် လေးပတ်ပြည့်သည့်အခါတွင် (ဒုတိယ)အကြိမ်အဖြစ် မဖြစ်မနေ လာရောက်ထိုးနှံရမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ဆေးရုံမှ သိရသည်။



ကိုဗစ်-၁၉ ကာကွယ်ဆေး စတုတ္ထအသုတ်ထိုးနှံပေးစဉ်

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

## ကျောက်ဖြူမြို့မဈေးကြီးအတွင်းရှိ ဈေးရောင်း / ဈေးဝယ်သူများအား နှာခေါင်းစည်းနှင့် Face shield များ အခမဲ့ဖြန့်ဝေ

**ကျောက်ဖြူ ဇူလိုင် ၅**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုများမရှိစေရန်နှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရန်အတွက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနတို့ ဦးဆောင်ပါဝင်သည့် ပူးပေါင်းအဖွဲ့က ကျောက်ဖြူမြို့မဈေးကြီးအတွင်းရှိ ဈေးရောင်း /ဈေးဝယ်ပြုလုပ်နေသူများအား နှာခေါင်းစည်းနှင့် Face shield များကို ဇူလိုင် ၅ ရက်က အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ ဝန်ထမ်းများပါဝင်သည့် ပူးပေါင်းအဖွဲ့က ကျောက်ဖြူမြို့ရှိ လူသွားလူလာများသော မြို့မဈေးကြီးအတွင်း ဈေးရောင်း/ဈေးဝယ် ပြုလုပ်နေသူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းနှင့် Face shield များကို မဖြစ်မနေ တပ်ဆင်ပြီးမှသာ ဈေးရောင်းချရန်၊ ပြည်သူများအနေဖြင့် နေအိမ်ပြင်ပသို့ထွက်ခွာသွားတိုင်း နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ပြီးမှသာ သွားလာကြရန်၊ လက်ကို မကြာခဏဆေးကြောကြရန်နှင့် လူစုလူဝေးများကို တတ်နိုင်သမျှ ရှောင်ရှားကြရန် အစရှိသော ကာကွယ်ရေး နည်းလမ်းများကို လက်ကိုင်အသံချဲ့စက်ဖြင့် အသိပညာပေး ပြောကြားပြီးနောက် နှာခေါင်းစည်းများနှင့် Face shield များကို ဈေးရောင်း ဈေးဝယ်နေသူများအား အခမဲ့ဖြန့်ဝေပေးခဲ့သလို ဈေးအရှေ့ရှိ လမ်းသွားလမ်းလာပြည်သူများနှင့် အငှားယာဉ်မောင်းနှင်နေသူများကိုလည်း နှာခေါင်းစည်းများ ဝေငှပေးခဲ့ကြသည်။

အဆိုပါ ပူးပေါင်းအဖွဲ့အနေဖြင့် ကျောက်ဖြူမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်း အခုရေ ၃၀၀၀ နှင့် Face shield အခုရေ ၂၀၀ တို့ကို အခမဲ့ ကွင်းဆင်းဖြန့်ဝေပေးခြင်းဖြစ်ကာ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြိုးဝေလင်း၊ တင်ထွန်းဦး**

## သရက်မြို့ရှိ စားသောက်ဆိုင်များတွင် ပါဆယ်စနစ်ဖြင့် ရောင်းချမှုရှိ/ မရှိ လိုက်လံစစ်ဆေး

**သရက် ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး သရက်မြို့အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေးအတွက် ပါဆယ်စနစ်ဖြင့် ရောင်းချခြင်း ရှိ/ မရှိကို သရက်မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များက ဇူလိုင် ၅ ရက်တွင် လိုက်လံစစ်ဆေးခဲ့သည်။



စားသောက်ဆိုင်များအား လိုက်လံကြည့်ရှုစစ်ဆေးနေစဉ်

သရက်မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဖွင့်လှစ်ရောင်းချနေသည့် စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များအနေဖြင့် ကိုဗစ် ၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပါဆယ်စနစ်ဖြင့်သာ ရောင်းချရန် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က လိုက်လံအသိပညာပေး မှာကြားခြင်းဖြစ်သည်။

သရက်မြို့နယ်တွင် လက်ရှိအချိန်ထိ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၄၇ ဦးရှိပြီး ရောဂါ ဆက်လက်မပြန့်ပွားစေရေးအတွက် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေးနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

**ဇော်ထက်(သရက်)**

## ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ပေးလျက်ရှိ

**ရန်ကုန် ဇူလိုင် ၅**

မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း နေထိုင်ကြတဲ့ နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေးရရှိစေရန်နှင့် နိုင်ငံသား အရည်အချင်းပြည့်မီသူများအတွက် ရည်ရွယ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ယူ၍ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များတွင် ၂၀၂၁ခုနှစ် မေ ၃ ရက်မှ ၂၀၂၂-ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့အထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ သိရသည်။


ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ ကမာရွတ်မြို့နယ်သင်္ဘောကျင်းမှ မိသားစုများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေကတ်ပြားများကို ပန်းခင်းစီမံချက်အရ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးက ဇူလိုင် ၃ ရက်က ပြုလုပ်ပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်ရှိ ရပ်ကွက် ၁၀ ခုအတွင်းမှ အသက် ၁၈ နှစ် ပြည့်ပြီးသူများအား ပန်းခင်းစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးနှင့် ဝန်ထမ်းများက နယ်လှည့်ကွင်းဆင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပန်းခင်းစီမံချက်တွင် (၁)လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ (၂)လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စု လူဦးရေစာရင်းမရှိ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများအား ဆောင်ရွက်ပေးခြင်း၊ (၃)ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းရှိသော်လည်း လက်ရှိဒေသတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများအတွက် ဆောင်ရွက်ပေးခြင်းနှင့် (၄) ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိ၊ လက်ရှိဒေသတွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား မရှိသူများအား ဆောင်ရွက်ပေးခြင်း စသည့် ပုံစံ လေးမျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

**မြို့နယ် ပြန်ဆက်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း


ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း


မုစလိန္ဒအိုင်


မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း


ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း


သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူး လှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အငယ်တန်းစာရေးရာထူး(၂၈၄)နေရာများအတွက် ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက်ထုတ်ပြန်ခြင်း
## ၁၃၈၃ ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက်
## ( ၂၀၂၂ ခုနှစ် ဇူလိုင် လ ၄ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေး လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၂၈၄)နေရာအတွက် လျှောက်လွှာ တင်သွင်းနိုင်ပါကြောင်း ၇-၅-၂၀၂၂ ရက်နေ့နှင့် ၂၂-၅-၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပြီးဖြစ်၍ ရေးဖြေစာမေးပွဲကျင်းပမည့် နေ့ရက်နှင့်ဖြေဆိုခွင့် ကတ်ပြားများ ထုတ်ယူရမည့်နေ့ရက်များအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

(က) ရေးဖြေစာမေးပွဲအား ၁၀-၇-၂၀၂၂ ရက်နေ့(စနေနေ့)တွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးတို့မှ သတ်မှတ်ထားသောနေရာများ၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အထွေထွေဗဟုသုတဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအောင်မြင် သူများစာရင်းအား မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာများတွင် ထည့်သွင်းကြော်ငြာမည် ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

(ခ) ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများအား ၈-၇-၂၀၂၂ ရက်(ကြာသပတေးနေ့)နှင့် ၉-၇-၂၀၂၂ ရက်(သောကြာနေ့)များတွင် မိမိလျှောက်လွှာတင်ထားသည့် တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ပေးမည်ဖြစ်ပြီး ကာယကံရှင်ကိုယ်တိုင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း၊ ဘွဲ့လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတို့နှင့်အတူ လာရောက်ထုတ်ယူရမည်။

၂။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်(ရုံးချုပ်)၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၃၀၀၂၂ နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

### အမည်ပြောင်း

မြစ်သားမြို့နယ် အလက ကံဆည်ကျေးရွာ ဒုတိယတန်းမှ ဦးအေးဇော်-ဒေါ်ဝင်းနုစိုး၏သမီး မကေဇင်ဇော်အား မခေတ်နဒီဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမက(၃) ရွှေမြိုင်သီရိ စတုတ္ထတန်းမှ မနှင်းဟေမာန်၏ ဖခင်အမည်မှန်မှာ ဦးချမ်းမင်းဦး ၃/ဘအန(နိုင်)၄၄၁၀၆၈ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/5259 Tata LPT 407,Truck(4x2)(L) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ကြည် ၁၂/ကမရ (နိုင်)၀၄၁၈၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)**
**ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/7644(Toyota Caldina AZT246) (s/w) ယာဉ်လက်ဝယ်ရှိသူ ဦးသက်ဦး ၁၄/အမန(နိုင်)၁၄၂၈၄၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/08207 Honda Pcx 150 အမည်ပေါက်သူ ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော် ၁၄/ရကန(နိုင်)၀၀၄၉၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**ပုသိမ်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3D/8783 Toyota Mark X SW(4x2)ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင့် ၁၂/မဂတ(နိုင်)၁၀၄၀၈၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
### ပုသိမ်ကြီးမြို့နယ်တရားရုံးတော်၌
### ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၁

ဒေါ်အိသန္တာ နှင့် ဦးမောင်မောင်အေး
(၎င်း၏အထွေထွေကိုယ်စားလှယ်
စာရသူ ဒေါ်အေးမြသီတာ)
**တရားလို** **တရားပြိုင်**

ပုသိမ်ကြီးမြို့နယ်၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၁၂၆) နေ တရားပြိုင် ဦးမောင်မောင်အေး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အိသန္တာ(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်အေးမြသီတာ)က မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၂ခုနှစ် ဩဂုတ် ၂ရက်(၁၃၈၃ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းဆိုချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေမွန်သက်နွယ်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ပုသိမ်ကြီးမြို့နယ်တရားရုံး**

### သားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဇော်မင်းနှင့် ဒေါ်အေးခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

မုဒုံမြို့နယ်၊ ကျောက်တစ်လုံးကျေးရွာ၊ အမှတ်-(၁/၁၆၆)နေ ဦးအောင်ဇော်မင်း ၁၀/မဒန(နိုင်)၁၂၉၀၆၆နှင့် ဒေါ်အေးခိုင် ၁၀/မဒန(နိုင်)၀၂၃၆၉၁တို့၏သား မောင်အောင်ဇလ ၁၂/မဒန(နိုင်)၂၂၉၆၃ အသက်(၂၅)နှစ်သည် မိဘနှစ်ပါး အား ဆဲဆိုရိုက်နှက်ကိုယ်ထိလက်ရောက်ကျူးလွန်ကာ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေသောကြောင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မီမီအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၆၃(A)၊ အရဟံလမ်း၊**
**ဘိုတဲရပ်၊ မုဒုံမြို့**

### အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ တိုက်အမှတ်-၈၊ (၁)ခန်းတွဲ၊ (၃)ထပ်တိုက် အဆောက်အအုံရှိ မြေညီထပ်တိုက်ခန်း၊ အကျယ်အဝန်းအားဖြင့် (၁၃'x၅၈')ခန့်မှန်းရှိ ရေမီးစုံတိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားနေထိုင်ပိုင်ဆိုင်၍ လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးမောင်မောင်အောင်စည် ၁၂/ရကန(နိုင်)၀၀၂၀၀၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် တရားဝင်နည်းလမ်းတကျ စာချုပ်စာတမ်းများချုပ်ဆို၍ ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ် ပြုလုပ်သော တိုက်ခန်း၏ တန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ (၁၄ရက်)အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိမွန်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၇၃/၂၀၁၉)**
**အမှတ်(၁၆/အေ)၊ (၆လွှာ)၊ ပုညဝတ္တနလမ်း၊တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၁၂၆၉၀၄၊ ၀၉-၇၉၃၅၃၇၀၇၈**

---

### ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၃/ ၇၈)၊ ၇၁လမ်းနှင့် ဇော်ဂျီလမ်းကြားနေ ဦးစိန်ဝင်း(ဘ)ဦးတွမ်မီးလောက် ၁၃/လရန(နိုင်)၀၉၈၈၉၅ မှ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

ကျွန်တော်ဦးစိန်ဝင်း၏ တီထွင်ဖန်တီးထားသော အထက်ဖော်ပြပါ အမှတ်တံဆိပ် အမည်အမှတ်အသားဖြစ်သည့် အရသာမင်းအား အချိုမှုန့်အပါအဝင် ၎င်းတို့နှင့် ဆက်စပ်သည့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဖြန့်ဖြူး-ရောင်းချခြင်း လုပ်ငန်းများအတွက် အသုံးပြုသွားမည်ဖြစ်ပါသည်။ တစ်ဖန် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ကျွန်တော်ဦးစိန်ဝင်းမှ မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာချက်ကို မှတ်ပုံတင်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်ကို လက်ရှိ အသုံးပြုနေသူရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကျွန်တော်ထံသို့ ယနေ့ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ဥပဒေနှင့်အညီ လာရောက်ကန့်ကွက် နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစိန်ဝင်း ၁၃/လရန(နိုင်)၀၉၈၈၉၅**
**ဖုန်း-၀၉-၂၅၉၀၉၂၅၅၁**

### မြန်မာ့အလင်းသတင်းစာ၏ ၂-၇-၂၀၂၂ ရက်စွဲပါ စာမျက်နှာ ၂၈ တွင် ဦးခင်မောင်သန်း ၉/မထလ(နိုင်)၀၃၅၈၆၄၊ ဒေါ်ဝါဝါဦး ၉/မထလ(နိုင်)၀၃၅၈၆၃တို့၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်တင်မမ၏ ကြေညာချက်အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ ကြည်တော်ကုန်းရပ်ကွက်၊ ကန်ဦးနယ်မြေ(၃)၊ သီရိမာလာခြံသည် ဒုတိယဗိုလ်မှူးကြီးသန်းထွန်း(ငြိမ်း)၊ ဒေါ်မြင့်မြင့်ကြည် အမည်ပေါက်ပိုင်ဆိုင်သော ခြံမြေဖြစ်ကြောင်းနှင့် ဒေါ်မြင့်မြင့်ကြည် သိရှိသဘောတူညီခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းလှူဒါန်းခြင်း၊ အခြားနည်းလမ်းလွှဲပြောင်းခြင်းများပြုလုပ်ပိုင်ခွင့်မရှိကြောင်း ၂၃-၆-၂၀၂၂ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃၁ တွင် အများသိစေရန် ကြေညာခဲ့ပြီးဖြစ်ပါသည်။

သီရိမာလာခြံနှင့်ပတ်သက်၍ ဒေါ်ထွေးထွေးသည်ပင်လျှင် အကျိုးခံစားပိုင်ခွင့် တစ်စုံတစ်ရာမရှိပါသဖြင့် ဒေါ်ဝါဝါဦးသည် အမွေခွဲဝေရရှိနိုင်ရန် အကြောင်းမရှိပါ။

၂၃-၁၂-၁၉၈၄ ဝန်ခံကတိစာချုပ်သည် တရားဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း၊ ယနေ့အချိန်ထိ မည်သည့်တရားရုံးကမျှ သုံးသပ်ဆုံးဖြတ်ထားခြင်းလုံးဝမရှိပါကြောင်းနှင့် ဥပဒေအရ ရင်ဆိုင်ရန်အသင့်ရှိပါကြောင်း အများသိစေရန် ပြန်လည် ရှင်းလင်းကြေညာအပ်ပါသည်။

| | |
|---|---|
| **ဒေါ်မြင့်မြင့်ကြည်** | **ဦးဇော်လင်းဝင်း** |
| **လွှဲအပ်သူ** | **LL.B Dip in Business Law** |
| | **တရားလွှတ်တော်ရှေ့နေ(၇၉၉၆/၁၂-၁၂-၂၀၁၁)** |
| | **လွှဲအပ်ချက်အရ** |
| | **အမှတ်-၁၂၁/၁၂၊ ၂၈x၂၉ လမ်း၊ ၇၆x၇၇ လမ်းကြား၊** |
| | **ဟေမာဇလရပ်၊ မန္တလေးမြို့** |
| | **ဖုန်း-၀၉-၅၀၈၆၈၂၃၊ ၀၉-၇၉၇၁၂၃၉၆၅** |

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရပ်ကွက်ကြီး(၃)နေ ဦးစောဂျိမ်း ၇/ညလပ (နိုင်)၀၁၄၆၃၈ ၏သား မောင်အောင်နေထက် ၇/ညလပ (နိုင်)၀၉၀၅၀၅သည် မိဘနှစ်ပါးကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက် နောင်၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောဂျိမ်း(စ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၂၁၈၂ ယာဉ်လက်ဝယ်ရှိသူ ဦးအာရှရပ်အာလီ ၁၀/မလမ (နိုင်)၁၅၁၉၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဋ်ဥပဒေ အမိန့်-၅၊ နည်းဥပဒေ -၂၀)
### ရွှေပြည်သာမြို့နယ်တရားရုံး၌
### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-(၅၆)

ရွှေရစ်ဝိုင်းကုမ္ပဏီလီမိတက် နှင့် မေဝတ်မှုန်(ခ)ဇွန်မေဖြိုး
(၎င်း၏တာဝန်ပေးအပ်ခြင်းခံရသူ
မန်နေဂျာ ဒေါ်မော်မော်လွင်)
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့၊ အမှတ်(၆)ရပ်ကွက်နေ ဒေါ်မေဝတ်မှုန်(ခ)ဇွန်မေဖြိုး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ရွှေရစ်ဝိုင်းကုမ္ပဏီလီမိတက်က အသင့်ဖျော် ကွန်ကရစ် တန်ဖိုးငွေ ၄၀၀၄၀၀၀/-တိတိရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေ နှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဇူလိုင် ၁၅ရက်(၁၃၈၃ခုနှစ် ဝါဆိုလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာအထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက် ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇွန် ၃၀ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေခြည်လှိုင်းဇာ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ရွှေပြည်သာမြို့နယ်တရားရုံး**

---

### ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
### အားကစားနှင့် ကာယပညာဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနတွင် ၂၀၂၀-၂၀၂၂ ဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်မည့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း ဝဏ္ဏသိဒ္ဓိ indoor(A၊ B၊ C) ရုံတို့ရှိ LED Score Board များ အသစ်တပ်ဆင်ရန်အတွက် လုပ်ငန်းအတွေ့အကြုံရှိ လိုင်စင်ရကုမ္ပဏီများ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၆-၇-၂၀၂၂ရက်မှ၄-၈-၂၀၂၂ရက်ထိ |
| (ခ) | **တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့်ရက်** | - ၄-၈-၂၀၂၂ ရက် ညနေ ၄:၃၀ ထိ |
| (ဂ) | **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် ပြန်လည်တင်သွင်းရမည့်နေရာ** | - အားကစားကွင်း/ အားကစားရုံ ဌာနခွဲ၊ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၊ နေပြည်တော် |

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အားကစားကွင်း/အားကစားရုံ ဌာနခွဲ ဖုန်း-၀၉-၄၂၈၄၇၅၂၇၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးလုပ်ငန်းကော်မတီ**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်(၁၅၃၆/အေ)ဟုခေါ်တွင်သော (အလျားပေ ၂၀ x အနံပေ ၆၀) ရှိမြေကွက်နှင့် နေအိမ်+ရေသွယ်တန်းခြင်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုသူ ဦးမင်းသက်ဦး ၇/ပတက(နိုင်)၀၇၈၀၉၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘော တူညီပြီး စရန်ငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ၇ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညီညီဝင်း(LL.B)(DBL)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၁၂၀)**
**အမှတ်(၉/၁၅၃)၊ မာဃလမ်း၊ (င/က)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်**
**ဖုန်း-၀၉-၉၅၀၆၅၅၄၈၉**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးမြို့၊ ပြည်တော်သာတိုက်(၁၈)၊ အခန်း(၆)နေ (ဦးမြင့်ကြည်)-ဒေါ်ဝိုင်း(MGE-၀၈၈၆၂၄)တို့၏သား မောင်မြင့်ဇော် ၈/မကန(နိုင်) ၁၁၁၀၈၀ သည် မိခင်ကြီး၏ ဆိုဆုံးမစကားကို မနာခံဘဲ မိခင်ကြီးအား ရိုင်းပျစွာပြောဆိုဆက်ဆံပြီး စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူဆောင် ရွက်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ မောင်မြင့်ဇော်အား သား အဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။နောက်နောင် မောင်မြင့်ဇော် နှင့် ပတ်သက်သောကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေး မည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**မိခင်-ဒေါ်ဝိုင်း**

### ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ အလုံမြို့၊ စစ်ပင်အုပ်စု၊ လှည်းတန်း ရပ်ကွက်နေ ဒေါ်အေးအေးသက် (ဘ) ဦးလှခင် ၅/မရန(နိုင်)၁၆၄၇၉၆၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အလုံမြို့၊ ရွှေပြည်အေး အမှတ်(၅) ရပ်ကွက်၊ မန္တလာရွာလယ်လမ်းမကြီးဘေးရှိ ဒေါ်နိုင်ဇင်(ခ)ဒေါ်ခင်နိုင်ဇင်၏ အိမ်ဝင်း မြေကွက်များထဲမှ အလျားပေ(၂၉၀) x အနံ(၈၃)ပေအကျယ်အဝန်းရှိ ဝင်းမြေအား ၂၀၂၂ခုနှစ် ဇွန် ၂၂ရက်တွင် ဒေါ်အေးအေးသက်မှ ဝင်းနှင့် ဝင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အပြီးအပိုင်ဝယ်ယူ လက်ရောက်ရယူပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိမြတ်သူ(LL.B)**
**အထက်တန်းရှေ့နေ**
**စဉ်-၅၁၆၄၁/၁၉**
**တောင်ပြင်လမ်း၊ အလုံရပ်ကွက်၊ မုံရွာမြို့**
**ဖုန်း-၀၉-၂၅၃၇၆၈၀၆၃**

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့ NEW BRIDGE PRIVATE SCHOOLဒုတိယတန်း(A)မှ (ဘ) ဦးရန်နောင်စိုး(ခ) ဝဏ္ဏအုံ ၁၂/သလန (နိုင်)၀၀၀၈၆၂၏သမီး မဖူးပြည့်စုံနှင်းအား ယနေ့မှစ၍ မသွန်း ရတီနောင် ဟုပြောင်းလဲခေါ်ဆိုနိုင်ပါရန်။ **မသွန်းရတီနောင်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7D/6917 Toyota Vitz SCP90, S/L(4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးသာထွန်းဦး ၁၂/မရက(နိုင်)၀၈၁၇၂၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ထောက်ရှာပင်လမ်း၊ မြေကွက်အမှတ် (၉၀၄)၊ ဧရိယာပေ (၄၀ x ၆၀)ရှိ ဦးစံကြည် (LKW-010880) အမည်ပေါက် ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက် ဦးစံကြည်ကွယ်လွန်၍ အမွေဆက်ခံ ခွင့်ရှိသူ ဇနီးဖြစ်သူ ဒေါ်စောပု ၁၂/အလန(နိုင်)၀၂၀၄၁၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာဖြူ ၁၃/တကန(နိုင်) ၁၇၂၄၄၉ က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက် အတွင်း ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**တက်နေဝန်းအိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီလီမိတက်**
**ပင်လုံလမ်းမကြီး(ကျောင်းလမ်းမှတ်တိုင်)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

**ဝမ်းနည်းကြေကွဲခြင်း**
**ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်**
**စစ်ရေးချုပ်(ငြိမ်း)**
**လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်**
**ယဉ်ကျေးမှု ဝန်ကြီးဌာန(ငြိမ်း)**
**အသက်(၉၄)နှစ်**

ယဉ်ကျေးမှုဝန်ကြီးဌာန(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်သည် ၂-၇-၂၀၂၂ရက်(သောကြာနေ့) နံနက် ၁:၂၄နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်**
**စစ်ရေးချုပ်(ငြိမ်း)**
**လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်**
**ယဉ်ကျေးမှုဝန်ကြီးဌာန(ငြိမ်း)**
**အသက်(၉၄)နှစ်**

ယဉ်ကျေးမှုဝန်ကြီးဌာန(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်သည် ၂-၇-၂၀၂၂ရက် (သောကြာနေ့) နံနက် ၁:၂၄ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန**

---

**ဒေါ်သန်းကြည်(ဖြူး)**
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၅၆၉နေ (ဦးညဏ်-ဒေါ်ငြိမ်း)တို့၏သမီး၊ (ဦးစိုးမင်း)၏ဇနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဥက္ကာ ၂လမ်း၊ (ဂ)ရပ်ကွက်၊ အမှတ် ၂၈နေ ဒေါ်ခင်မာဝင်း၊ ဦးကျော်မင်း-ဒေါ်ခင်လှသီ၊ (ဦးထွန်းသိန်း)-ဒေါ်ခင်အေးဝင်း၊ ဦးထွန်းထွန်းမင်းတို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်သန်းကြည်သည် ၅-၇-၂၀၂၂ရက်(တနင်္လာနေ့) မွန်းလွဲ ၁:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၁-၇-၂၀၂၂ ရက်(တနင်္ဂနွေနေ့)တွင် ကမ္ဘာအေးနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဒုတိယ ဗိုလ်မှူးကြီး တင်မောင်ဝင်း(ငြိမ်း)**
**အသက်(၈၉)နှစ်**

ဒေါက်တာ ညီညီကျော်(အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန)-ဒေါ်ခင်သန်းဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန)တို့၏ချစ်လှစွာသောဖခင်ကြီး ဒုတိယ ဗိုလ်မှူးကြီး တင်မောင်ဝင်း(ငြိမ်း)သည် ၃-၇-၂၀၂၂ ရက်(စနေနေ့)ညနေ ၃:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ**
**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်အေးအေးကျော်**
**ပါမောက္ခ(ငြိမ်း)၊ ဓာတုအင်ဂျင်နီယာဌာန(YIT/MIT)**
**အသက်(၇၂)နှစ်**

ဓာတုအင်ဂျင်နီယာဘာသာရပ်များကို စနစ်တကျ၊ တိကျသေချာစွာ သင်ကြားပို့ချပေးခဲ့သော ဆရာမကြီး စိမ်းလန်းမြန်မာပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုကုမ္ပဏီ (Green Myanmar Environmental Services Co.,Ltd)၏ အကြံပေးပညာရှင်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ၅လမ်း(မြောက်)၊ အမှတ်(၈၈-စီ)နေ (ဦးအုန်းကျော်-ဒေါ်ခင်စန်းချစ်)တို့၏သမီး၊ ဆရာမကြီး ဒေါ်အေးအေးကျော် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဆရာမကြီး မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အကြံပေးပညာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့်ကုမ္ပဏီဝန်ထမ်းများ**
**GMES Co.,Ltd.**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာမြမြနု**
**ပါမောက္ခ(ငြိမ်း)၊ သတ္တဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်**
**အသက်(၈၃)နှစ်**

မော်လမြိုင်တက္ကသိုလ်၊ သတ္တဗေဒဌာန၊ ပါမောက္ခ(ငြိမ်း)ကန်တော့ခံ ဆရာမကြီး ဒေါက်တာမြမြနုသည် ၃၀-၆-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သတ္တဗေဒမိသားစု(မော်လမြိုင်တက္ကသိုလ်)**

---

**အထူးကိုယ်စားလှယ်ရုပ်သိမ်းကြောင်းကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၄)၊ လူနေရပ်ကွက်အမှတ် (၁၆/၄)၊ မြေကွက်အမှတ်(၁၁၃၇)၊ မြေ အကျယ်အဝန်း( ပေ ၄၀ x ပေ ၆၀)၊ မြေ ဧရိယာ ၀.၁၁၃မ ၀၅၅ ဧက၊ ၂၄၀၀ စတုရန်းပေရှိ နှစ်(၆၀) ဂရန် မြေ မြေကွက်ပေါ်တွင် အထပ်မြင့် (ကန်ထရိုက်တိုက်) ဆောက်လုပ်ရန် ကိစ္စအဝဝတို့နှင့် ပတ်သက်၍ ဦးဇော်မျိုးမြင့် နှင့် ဒေါ်ခင်ခင် မြင့် မှ ဦးဇင်ကိုခိုင်(ဘ)ဦးအီစမိုင် ၁၂/ မဂတ (နိုင်)၀၉၈၂၁၇ ထံ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထူးကိုယ်စားလှယ်လွှဲစာကို ပြုလုပ်လွှဲအပ်ပေးထားပါသည်။ ယခုကြေညာသည့်ရက်မှစ၍ အပြီးအပိုင် ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဇင်ကိုခိုင်**
**အမှတ် (၁၄/၁၆)၊ မြယာကုန်းလမ်း၊ ဖို့မြေ ရပ်ကွက်**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဒုတိယ ဗိုလ်မှူးကြီး တင်မောင်ဝင်း(ငြိမ်း)**
**အသက်(၈၉)နှစ်**

ဒေါက်တာ ညီညီကျော်(အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)-ဒေါ်ခင်သန်းဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန)၏ ချစ်လှစွာသောဖခင်ကြီး ဒုတိယ ဗိုလ်မှူးကြီး တင်မောင်ဝင်း(ငြိမ်း)သည် ၃-၇-၂၀၂၂ ရက်(စနေနေ့) ညနေ ၃:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး-ဒေါ်ခင်ဆွေဝင်း မိသားစု**
**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဒုတိယ ဗိုလ်မှူးကြီး တင်မောင်ဝင်း(ငြိမ်း)**
**ကြည်း-၆၄၆၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၈)**
**အသက်(၈၉)နှစ်**

ဒေါက်တာ ညီညီကျော်(အမြဲတမ်းအတွင်းဝန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)-ဒေါ်ခင်သန်းဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန)တို့၏ဖခင် ဒုတိယ ဗိုလ်မှူးကြီး တင်မောင်ဝင်း(ငြိမ်း)သည် ၃-၇-၂၀၂၂ရက်(စနေနေ့)ညနေ ၃:၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်**
**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန**
**ဝန်ထမ်းမိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဒုတိယ ဗိုလ်မှူးကြီး တင်မောင်ဝင်း(ငြိမ်း)**
**ကြည်း-၆၄၆၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၈)**
**အသက်(၈၉)နှစ်**

ဒေါက်တာ ညီညီကျော်(အမြဲတမ်း အတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)-ဒေါ်ခင်သန်းဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန)တို့၏ချစ်လှစွာသောဖခင်ကြီး ဒုတိယ ဗိုလ်မှူးကြီး တင်မောင်ဝင်း(ငြိမ်း)သည် ၃-၇-၂၀၂၂ရက်(စနေနေ့)ညနေ ၃:၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် အရာထမ်း / အမှုထမ်းများ**
**နိုင်ငံတကာနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ၊**
**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန**

---

**ဒေါ်နွယ်နွယ်ဝင်း**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ အမှတ် ၁၀၇၀၊ ရွှေဝါထွန်းလမ်းနေ [ ဗိုလ်မှူးကျော်ဝင်း(SECD)-ဒေါ်ခင်သန်းနွဲ့ ] တို့၏သမီးလတ်၊ ဦးငွေးကြွယ်-ဒေါ်ယုယုဝင်း၊ ဦးမြင့်စိုး-ဒေါ်ခင်အေး တို့၏ညီမ၊ (ဦးအေးကျော်ဝင်း)-ဒေါ်သက်စုရည်၊ ဒေါ်သန္တာဝင်း တို့၏အစ်မ၊ တူ၊ တူမ ၁၀ယောက်တို့၏ အဒေါ်၊ မြေးလေးယောက်တို့၏ အဘွားလေးသည် ၄-၇-၂၀၂၂ရက် တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၁၀-၇-၂၀၂၂ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်ဝင်းဝင်းမော် (သစ္စာအောင် ပရိဘောဂ)**
**အသက်(၇၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ် (၉၄)နေ ဦးတင်ထွေး (ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ- ဒုဥက္ကဋ္ဌ) ၏ဇနီး ဒေါ်ဝင်းဝင်းမော် (သစ္စာအောင် ပရိဘောဂ)သည် ၄-၇-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသောကြောင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ**

---

**ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးဝင်းမောင်(အိုးဘို)**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးစံလှဘော်-ဒေါ်ခင်ချို)တို့၏သား၊ ဦးအောင်ကြီး-(ဒေါ်ခင်ခင်ဆွေ)တို့၏သားသမက်၊ ကြည့်မြင်တိုင်မြို့နယ်၊ သိမ်ကြီးလမ်း၊ အမှတ်(၇၆၊ လေးလွှာ)နေ ဒေါ်မြတ်သူ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိန်ဝင်း၊ ဒေါ်မြင့်မြင့်သန်း၊ ဦးညဏ်လင်း-ဒေါ်တင်မင်းထွေး၊ ဒေါ်သန်းသန်းငွေး၊ ဒေါ်မြမြချို၊ (ဦးစိုင်းထင်ကျော်)-ဒေါ်ဖြူဖြူသင်းတို့၏ညီ/အစ်ကို၊ ဒေါ်မြင့်သူ၊ ဦးငွေရ-ဒေါ်ခင်စန်းဦး၊ ဦးသူရအောင်-ဒေါ်ထွေးထွေးမာ၊ ဦးကျော်စိုးလွင်-ဒေါ်ဝင့်သူအောင်၊ ဦးအောင်လေး၊ ဒေါ်ခိုင်သူအောင်၊ ဦးကျော်နိုင်ထူး -ဒေါ်တင့်သူအောင်တို့၏အစ်ကို သည် ၄-၇-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၅၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်- ၅၀၀) ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅:၃၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1L/7861, Nissan Cabster (L/T)(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးဌေးလင်းခိုင် ၇/ပခန(နိုင်)၃၁၂၀၆၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း))ရန်ကုန်မြို့**

---

**ဘုရား ဒါယိကာမကြီး**
**ဒေါ်အေးကြည် (ထားဝယ်)**
**(ဗဟန်း)**
**အသက်(၉၅)နှစ်**

(ဦးငွေထွန်း-ဒေါ်ခင်သီ)၊ (ဦးသင်းမြိုင်-ဒေါ်ကြွေ)တို့၏ညီမ၊ (ဦးဘဖန်း-ဒေါ်သန်းညွန့်)၊ (ဦးကျင်ဂွမ်-ဒေါ်ငွေလှိုင်)၊ (ဦးစံညွန့်-ဒေါ်မြ)၊ (ဦးအေးလင်း-ဒေါ်စိန်)၊ (ဦးထွန်းကြည်-ဒေါ်နှင်းရီ)၊ (ဦးစိမ်းမောင်)-ဒေါ်မြကြည်၊ ဦးသိန်းမြင့်-ဒေါ်ဆွေဆွေသန်းတို့၏ အစ်မ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ တိုက်(၃)၊ အခန်း(၆/က)နေ (ဦးသင်းလှိုင်)၏ဇနီးသည် ၅-၇-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား ဒါယိကာမကြီး**
**ဒေါ်အေးကြည် ဗဟန်း(ထားဝယ်)**
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ တိုက် ၃၊ အခန်း (၆-က)နေ (ဦးသင်းလှိုင်)၏ဇနီး၊ ဦးငွေဝင်း-ဒေါ်ငွေကျင်(ကလေးဆေးရုံ၊ သူနာပြုဆရာမကြီး၊ ငြိမ်း)၊ ဦးတင့်လွင်(ဆလရ ဘော်လီဘောနည်းပြ-ငြိမ်း) -(ဒေါ်တင်တင်မြ)(ပြည်တွင်းအခွန်၊ ငြိမ်း)၊ ဒေါ်မူမူ ၊ ဦးခင်မောင်ကြည်(လ/ထ ကထိက၊ မိတ္ထီလာပညာရေးကောလိပ်၊ ငြိမ်း)-ဒေါ်မြင့်မြင့်စိုး(ရုံးအုပ်၊ DEPT နေပြည်တော်၊ ငြိမ်း)၊ ဦးစိုးလွင်- (ဒေါ်သီတာထွန်း)၊ ဦးစိုးတင့်-ဒေါ်ချိုချိုမာ (ရုံးအုပ်၊ ကပရ၊ ငြိမ်း)၊ဒေါက်တာရင်ရင်ထွေး(တွဲဖက်ပါမောက္ခ၊ စစ်တွေတက္ကသိုလ်)တို့၏ မိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၅-၇-၂၀၂၂ရက် နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ် ဒါယကာကြီး**
**ဗိုလ်မှူးကြီး မျိုးဝင်း(ငြိမ်း)**
**အသက်(၇၅)နှစ်**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ရန်ကြီးအောင်လမ်း၊ အိမ်အမှတ်(၉၁/၁၂)နေ (ဦးရီတစ်-ဒေါ်လှိုင်တင်ညွန့်)တို့၏သား၊ ရန်ကုန်မြို့၊ ရွှေတောင်ကြားရိပ်သာနေ(ဦးအေး) - ဒေါ်ကြည်ကြည်ညွန့်တို့၏သားသမက်၊ ဒေါ်နုထွေးဝေ (ကစလ၊ ငြိမ်း)၏ ခင်ပွန်း၊ နေပြည်တော်နေ ဦးနေမျိုး၊ ဒေါ်မျိုးမျိုး တို့၏ဖခင်၊ ဒေါ်နန်းဟိုတစ်၏မောင်၊ (ဦးမျိုးဆွေ)၏ညီ၊ တောင်ကြီးမြို့နေ ဦးမောရစ်- ဒေါ်တင်မြတ်နွယ်၊ (ဦးစံရွှေ)-ဒေါ်တင်မြတ်မူ၊ (ဦးမျိုးညွန့်)၊ ဦးမျိုးမင်း-ဒေါ်နန်းဆမ်ခမ်းတို့၏အစ်ကို သည် ၂-၇-၂၀၂၂ရက်(သောကြာနေ့)ည ၈:၂၀နာရီတွင် တောင်ကြီး မြို့၊ ထွန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၂၂ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် တိုင်းရင်းသားပေါင်းစုံ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ဝင်းဝင်းမော်(ခ)ဒေါ်ဝင်းကြီး(ရန်ကုန်)**
**အသက်(၇၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၉၄) သစ္စာအောင်(ပရိဘောဂ)နှင့် တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)၊ ၁၅၅လမ်း၊ အမှတ်(၁၉၊ လေးလွှာ၊ ခြေရင်း)နေ (ဦးပါ-ဒေါ်ရှုဝေ)တို့၏သမီးကြီး၊ (ဦးတင်စော-ဒေါ်ညွန့်တင်)တို့၏သမီးချွေးမ၊ ဦးတင်ထွေး(တရားလွှတ်တော်ရှေ့နေ) ၏ဇနီး၊ (ဦးဝင်းထွဋ်)-ဒေါ်ဝင်းဝင်းကျော်၊ ဦးဇော်ဝင်း-ဒေါ်လှလှဝေ၊ ဦးဇော်မင်း-ဒေါ်မြင့်မြင့်မော်၊ (ဦးဇော်ထွန်း)-ဒေါ်ခင်မာကြူ၊ ဦးဇော်ထွေး(ခ) သန်းစိုး-ဒေါ်ဝင်းဝင်းခိုင်၊ ဦးစောပိုင် - ဒေါ်ဝင်းဝင်းသော် တို့၏အစ်မကြီး၊ ဦးရွှေလင်း-ဒေါ်နေခြည်နွေးနွေး(ခ)မမီးမီး၊ မခင်ငြိမ်းချမ်း(ခေတ္တ-USA)၊ မနန္ဒာဝင်း (ခေတ္တ-USA)၊ မမြတ်သင်းခိုင်တို့၏ မိခင်၊ တူ၊ တူမ ၁၂ယောက်တို့၏အဒေါ်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၄-၇-၂၀၂၂ရက် (တနင်္ဂနွေနေ့)တွင် ည ၉:၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၂၂ရက် (စနေနေ့) နံနက်တွင် သစ္စာအောင်(ပရိဘောဂ)ဆိုင်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 8H/6210, NI DI MULTI PURPOSE VEHICLE, Micro Bus (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသာထွန်းဦး ၁၂/မရက(နိုင်)၀၈၁၇၂၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၁၇)၊ လူနေရပ်ကွက်(ကုန်းဘောင်)၊ မြေကွက်အမှတ်(၄၈)၊ ဧရိယာအကျယ်အဝန်း(၀.၁၁၃မ၁၅၅) ဧကရှိ နှစ်(၆၀)ဂရန်မြေနှင့် ၎င်းမြေပေါ်ရှိ နေအိမ်ဥပစာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မူလအမည်ပေါက်ပိုင်ရှင် ဦးအောင်လွင်သူ ၁၂/လမတ(နိုင်) ၀၂၄၈၆၅ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောကျော်စွာထွဋ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၀၁)**
**တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-၀၉-၄၄၀၆၅၅၇၃၈၊ ၀၉-၄၅၀၀၅၁၇၀၃**

---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

အမှတ်(၄)ရဲလေ့ကျင့်ရေးကျောင်းတွင် သင်တန်းတက်နေသော မောင်ကျစိုး ၁၃/မဖန(နိုင်)၀၃၇၈၁၅ ၏ဖခင် ဦးစတဲဖနို(ခ) ဦးကျတဲ ၁၃/ မဖန(နိုင်)၀၁၃၈၅၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

အမှတ်(၄)ရဲလေ့ကျင့်ရေးကျောင်းတွင် သင်တန်းတက်နေသော မောင်မြတ်သူကို ၁၂/ဒဂရ(နိုင်)၀၃၇၅၈၀ ၏ဖခင် ဦးစိုးမြင့်အောင် (ခ)ဦးညဏ်လင်းမြင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

အမှတ်(၄)ရဲလေ့ကျင့်ရေးကျောင်းတွင် သင်တန်းတက်နေသော မောင်အောင်သီဟ ၅/ရဘန(နိုင်)၂၇၁၆၁၃ ၏ဖခင် ဦးဆန်းအောင်(ခ)ဦးစန်းအောင် ၅/ရဘန(နိုင်)၁၁၉၃၈၁သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

အမှတ်(၄)ရဲလေ့ကျင့်ရေးကျောင်းတွင် သင်တန်းတက်နေသော မောင်ဇာနီ ၁၃/ကတန (နိုင်)၁၇၅၆၂၀ ၏ဖခင် ဦးစိုင်းလာ(ခ)ဦးအိုက်လန် (ခ)ဦးအိုင်လန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

အမှတ်(၄)ရဲလေ့ကျင့်ရေးကျောင်းတွင် သင်တန်းတက်နေသော မောင်နိုင်ထွန်းဦး ၉/မတရ (နိုင်)၂၁၅၇၄၁ ၏ဖခင် ဦးသိန်းညွန့် (ခ)ဦးညွန့် ၈/ ပခက (နိုင်)၁၀၅၁၃၈ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် TNI/1148, Honda Wave -110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ညီညီသူ ၆/မမန(နိုင်)၁၄၆၇၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးဇော်မင်းဦး၏ မော်တော်ယာဉ်နံပါတ် MDY 6B-5658 ယာဉ်နံပါတ်ပြားမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဦးဇော်မင်းဦး**
**ဖုန်း-၀၉၇၉၆၈၈၄၂၄၁**

---

**ပြင်ဆင်ဖတ်ရှုပါရန်**

(၂-၇-၂၀၂၂)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃၀)တွင်ပါရှိသော အမည်ပေါက် ဒေါ်မြစိုးစန္ဒာ ၁/မညန(နိုင်) ၀၆၇၃၉၀၏ မြေကွက်အား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အစား ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

**ကန့်ကွက်နိုင်ပါကြောင်း**

မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်၊ အကွက် အမှတ်နှင့်အမည် (၃၃၃-က၊ ကွေ့ကြီးအနောက်)၊ ဦးပိုင်အမှတ်(၁၊ ၂၊ ၃၊ ၄၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈)၊ ဧရိယာ(၂ဒသမ၉၄)ဧကရှိမြေအား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်ရုံး အမည်ဖြင့် မြေလွှဲလျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာပါသည့် ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်း မျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေလွှဲခွင့် ပြုမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

**သင့်သွေးဖြင့်**
**အသက်ကယ်ပါ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၉၆၉ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၄၂ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၃၄၆၁ ဦးရှိ

**(၅-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၄-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂,၉၆၉) ဦး တွေ့ရှိရပါသည်။သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၇၈၃,၃၈၅) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၆၈,၃၇၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇၅၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၉,၄၇၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၄၆၁) ဦး ရှိပါသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ❄



အီတလီကစားသမားများ အောင်ပွဲခံနေမှုကို တွေ့ရစဉ်။

## ယူရို ၂၀၂၀ ဖိုလ်လုပွဲတက်မှာ အီတလီလား၊ စပိန်လား...

ယူရို ၂၀၂၀ ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်အဖြစ် အီတလီအသင်းနှင့် စပိန်အသင်းတို့ ဇူလိုင် ၇ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အီတလီအသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်အရ အဆင့်(၁)နေရာတွင် ရပ်တည်နေသော ဘယ်လ်ဂျီယံအသင်းကို ဘာရယ်လာ၊ အစ်ဆစ်ဂ်နီတို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိကာ ယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ဘက်စပိန်အသင်းက အဆိုပါ အဆင့်တွင် ဆွစ်ဇာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ပယ်နယ်တီ အဆုံးအဖြတ်တွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြမန်စီနီ တာဝန်ယူကိုင်တွယ်နေသည့် အီတလီအသင်းသည် ယူရို ၂၀၂၀ပြိုင်ပွဲတွင် ပုံစံကောင်းရရှိနေသည့် အသင်းဖြစ်ပြီး အသင်းမှ ဒွန်နာ ရမ်မာ၊

*စာမျက်နှာ ၁၀ ကော်လံ ၅* ❍

## တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၅**

၂၀၂၁ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်မှုကို ဇူလိုင် ၇ ရက် နံနက် (၇)နာရီတွင်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်မှုကို မွန်းလွဲ(၃)နာရီတွင်လည်းကောင်း နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV Channel၊ MRTV Sports Channelနှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ဖားကန့် မြို့နယ်နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

စာ ၁၅၊ ၁၆၊ ၁၇၊ ၁၈

**ယနေ့ သတင်းအညွှန်း**

ကချင်ပြည်နယ် ရွှေကူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကို လက်နက်ကိုင်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက် စာ ၁၁

ဖိလစ်ပိုင်နိုင်ငံ၌ စစ်ဘက်သုံးလေယာဉ်ပျက်ကျရာ ၅၀ ထက်မနည်း သေဆုံး စာ ၁၂